

စစ်ကိုင်းဦးဘိုးသင်း
လူရည်ထက်
ဒုတိယအကြိမ်
mayjoe.com

mgyoe.com

# စစ်ကိုင်းဦးအိုးသင်း
# လူရည်ထက်

ဤ၀ တ္ထုဋ္ဌ ရေးသာ ရေးရသည့်

ဘတုတ်သာ ထောင့်မကျိုးသလား။

လောကကြီးသည်လည်း ထောင့်ကျိုးသလား။ ကမ္ဘာကြီးကား

အလုံးအဝိုင်းဖြစ်သည်ဆို၍ ကျိုးရန် ထောင့်မရှိပေ။

မိမိသဘော၊ မိမိအယူနှင့် မတိုက်ဆိုင်လျှင် လောကက

ထောင့်မကျိုးဟု ဆိုသည်။

သို့ရာတွင် ဥတုသည် အပူအအေးကို ပြဘိသကဲ့သို့

လောက၏ ထောင့်ကျိုးခြင်းသည် လောက၌

အေးချမ်းသာယာ၍ လောက၏ချမ်းသာ ကောင်းစားမှု၊

အဆင့်အတန်းတက်မှု၊ မညည်းမတွားဘဲ နေရမှုတို့ကို

ပြလျက်ရှိပေသည်။

အဘယ်သည်လျှင် ထောင့်မကျိုးသနည်း။

ISBN9789997118493
ANB125
9 789997 118493
2,800.00KS

mgyoe.com

လူရည်ထက်၊ စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၂၇၂+ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၉ စန္ဒာဝင်းစာအုပ်တိုက်၏ ပထမအကြိမ်မှု

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# လူရည်ထက်

## စစ်ကိုင်းဦးဘိုးသင်း

ဒုတိယအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ မြတ်သောအကျင့်သာ၊ ယိုးစရာ ၁

၂။ ညစ်ညမ်းမေထုန်၊ ထုံအာရုံ ၁၄

၃။ ဆန်းပုံထူးခြား၊ ပြုတ်မနူးလား ၄၆

၄။ ဘယ်လို ဘယ်လို၊ သဘောကို ၉၀

၅။ သဘောအနက်၊ ညဏ်ယှဉ်စွက် ၁၁၈

၆။ အိမ်ထောင်ပြုရာ၊ အမြတ်ရှာ ၁၅၆

၇။ ဟောသည်လိုလို၊ ယုံတမ်းကို ၁၈၉

၈။ လင်လုပွဲလား၊ ခေတ်–ခေတ်သစ်ကား ၂၁၈


❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ

* ဥမျှားတွင် 'အကာ' ထက် 'အနှစ်' က အရသာပို၏။ သစ်များတွင်လည်း 'အကာ' ထက် 'အနှစ်' က မာကျော၏။ ခိုင်ခံ့၏။ စာပေတွင်လည်း 'စာလေ စာလွင့်' ထက် ကျမ်းဂန်နှင့် သဘာဝနှင့်ညီသော 'စာ' က ပညာရှိတို့အား နှစ်သက်စေတတ်၏။

* သို့တစေ အသက် ၈၀ မျိုးချစ်စာရေးဆရာကြီး စစ်ကိုင်း ဦးဘိုးသင်း၏ တိုင်းပြည်နှင့်လူမျိုးအတွက် 'အနှစ်သာရ' ရှိသော၊ ခိုင်ခံ့သော၊ မျက်မှောက်ခေတ်နှင့်လျော်ညီသော–အသစ် စက်စက်ဖြစ်သည့် လူရည်ထက်ဝတ္ထုကြီးကို ထုတ်ဝေပါသည်။

**"စန္ဒာဝင်း"**



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြတ်အကျင့်သာ၊ ယိုးစရာ

ဦးဘမြို့သည် အိမ်သားတစ်စုနှင့် ရွှေစက်တော်ပွဲတော်သို့ တပျော် တပါးသွားရောက်ကြ၍ ခြေတော်ရာနှစ်ဆူတွင် အိမ်သူအိမ်သားများနှင့် ရွှေချခြင်း၊ ဖူးမြော်ခြင်းတို့ကို ပြု၏။ တန်ဆောင်းဆောက်ရန်အတွက် လည်း ငွေတစ်ထောင်လှူခဲ့၏။ ထို့နောက် လယ်ကိုင်းကျောင်းတော်ရာ သို့သွားရောက်ခဲ့၍ များစွာသော မြန်မာဗုဒ္ဓဘာသာတို့၏အလေ့အတိုင်း ပူဇော်ပြီးသော် တပျော်တပါး ပြန်ခဲ့လေ၏။

ဦးဘမြို့တို့သည် အိမ်သို့ပြန်ရောက်၍ ငါးရက်မြောက်သောနေ့ နံနက်ခင်း၌ ၎င်း၏သမီး ဘီအက်စီ ဘီအီးဒီ မြင့်မြင့်၊ အထက်တန်း ဆရာမသည် နံနက်ခင်းကော်ဖီသောက်ပြီးနောက် ကော်ဖီပန်းကန် လက်ဖက်ရည်ပွဲများကို ရိုက်ခွဲပစ်ပြီးလျှင် စိတ်ဖောက်ပြန်သွားပြီးသော် ဆဲဆိုကြိမ်းမောင်းကာ အကြမ်းပတမ်းတို့ကို ပြုမူလေတော့၏။

ဦးဘမြို့သည် မြင့်မြင့် ချက်ချင်းစိတ်ဖောက်ပြန်သွား၍ အခန်း တစ်ခု၌ထားပြီးသော် ခေတ်မီဆေးဆရာဝန်ကြီးနှင့် ကုသလေ၏။ သို့ရာ တွင် မြင့်မြင့်၏ဝေဒနာမှာ တိုး၍သာလာ၍ ဆရာဝန်ကြီးသည် လက် လျှော့ပြီးလျှင် ရန်ကုန်စိတ္တဇဆေးရုံသို့ပို့ရန် အကြံပေးရလေတော့၏။

mgyoe.com

mgyoe.com



ဦးဘမြို့ကား ထိုသို့ မိမိ၏သမီးချစ် ခေတ်ပညာတတ်ကို မျက်နှာလွှဲခဲပစ်ဆိုသကဲ့သို့ ပြုရတော့မည်ဖြစ်နေ၍ တတ်နိုင်သမျှ မြန်မာတို့၏ ထုံးစံဆိုသလို သတင်းစုဆောင်းကာ ဆေးသမားကျော်အမျိုးမျိုးနှင့် ကုသရန် ကြိုးစားနေလေ၏။

မြင့်မြင့်သည်ကား အတော်ပင် ခေတ်မီသည်ဟု ဆိုမည်လား။ စာဖတ်သူများနှင့် ဤလူရည်ထက်ဝတ္ထုကိုတွေ့သောသူများအား ဤသို့ တောင်းပန်ပါ၏။

ထိုဝတ္ထုသည် သူပြော လူပြောအရ ရေးခြင်းမဟုတ်ပါ။ အမှန်အစစ် ဖြစ်ပျက်နေခြင်းလည်း မဟုတ်ပါ။ သဘောအရ ဖြစ်ပျက်တတ်ခြင်းကို မူထား၍ အပျော်အပါးဖတ်ရန်အတွက် သက်သက်မျှသာဖြစ်သောကြောင့် မိမိတို့ ဖြစ်ပျက်တွေ့ကြုံနေရခြင်းနှင့် တိုက်ဆိုင်နေလျှင် သဘောကိုရှေးရှု၍ သည်းခံပါဟု လေးလေးမြတ်မြတ်နှင့်ပင် တောင်းပန်ပါ၏။

မြင့်မြင့်သည် မိမိ၏မိဘများနှင့် ရွှေစက်တော်လယ်ကိုင်းကျောင်းတော်ရာသို့ လိုက်ပါသွားသော်လည်း ဒေသန္တရဗဟုသုတနှင့် အပျော်အပါး သက်သက်မျှသာဖြစ်၍ ဤသို့စိတ်ကစားမိ၏။

ခြေတော်ရာ၊ လယ်ကိုင်းကျောင်းတော်ရာ စသည်တို့သည် လူမျိုးအလိုက် ပျော်ပါးရန်၊ အချင်းချင်းတွေ့ဆုံကာ အပေါင်းအသင်းဖြစ်ရရန်၊ ခေတ်အလျောက် လူများအလုပ်အကိုင်ရရှိရန် မျက်စိမြင်သူများက ဖန်တီးထားဟန်သာပါတကား။ "တို့လူမျိုးဟာ ခေတ်မမီသေးဘဲ သိပ်နောက်ကျနေသေးပါတကား။ အနောက်နိုင်ငံပညာရှိကြီးများရဲ့ဝါဒကို စာသင်ကျောင်းများတွင်ထည့်သွင်းကာ သင်ကြားပေးသင့်တယ်၊ ခုပြဋ္ဌာန်းထားသောစာအုပ်များဟာ ခေတ်မမီတော့ပေ" ဟူ၍လည်း မြင့်မြင့်သည် စဉ်းစားမိသူဖြစ်သေး၏။

ထိုမြင့်မြင့် ဘီအက်စီ ဘီအိုးဒီသည် လူသေသော် ဘဝဆုံးပြီ။

mgyoe.com

mgyoe.com


တိရစ္ဆာန်အထီးအမတို့ရှိ၍ တိရစ္ဆာန်များပေါက်ပွားသည်။ ယောကျ်ားနှင့် မိန်းမတို့ရှိ၍ လူပေါက်ပွားသည်ဟု အယူရှိလေသည်။ ၎င်း၏မိဘမှာ ဗုဒ္ဓဘာသာကျောင်းဒကာများပင်ဖြစ်သော်လည်း မြင့်မြင့်သည် ဗုဒ္ဓဘာသာ၌ မည်ကဲ့သို့သဘောထားသည်ဟု ခန့်မှန်းနိုင်ရန် အတော်ပင်ခဲယဉ်းနေပေသည်။

မြင့်မြင့်မှာ စိတ်ဖောက်ပြန်နေသော ရောဂါရ၍ ဂိုဏ်းဆရာအမျိုးမျိုးများ၊ ပယောဂကုသော ဘုန်းတော်ကြီးအကျော်များနှင့် ကုသသော်လည်း မြင့်မြင့်မှာ ကြမ်းသည်ထက်ကြမ်းလာ၍ ကုသသူဆရာများသာ လျှင် အရှက်ရ၍ ပြန်ကြရလေ၏။

ပယောဂကု၌ အကျော်အမော်ဟု ထင်ရှားသော ဆရာကြီးဦးကောသည် ပျောက်က ငွေတစ်ထောင်ပေးရမည်စာချုပ်နှင့် ကုသရာတွင် ဆရာကြီးဦးကောကို အဝတ်မကပ်သောလုံးကြီးပေါက်လှ ခေတ်ပညာတတ်မြင့်မြင့်သည် တွဲသတ်၍ ဦးကော၏ဆေးလွယ်အိတ်ကို ယူလွှင့်ပစ်သဖြင့် ဦးကောလည်း သန္တာလန်ကာ ပြန်ပြေးရလေ၏။

ထို့နောက် နှစ်ဆယ့်ငါးရက်မြောက်သောနေ့၏နံနက်တွင် မြင့်မြင့်သည် တစ်မူထူးခြားလာ၍ ရေချိုးချင်သည်ဆို၍ ၎င်း၏အထိန်းမသည် ရေချိုးပေးရ၏။ ထို့နောက် မိန်းမတို့၏သဘာဝအတိုင်း သနပ်ခါးလိမ်းပြီးသော် ၎င်း၏ကိုယ်ကို အလှဆင်သ၍ လုံကွင်းများ၊ အင်္ကျီများ စသည်တို့နှင့်ကို အထူးသဖြင့် တင့်ပကာပြုပြင်နေလေ၏။

ဦးဘမြို့တို့ ဇနီးခင်ပွန်းသည်လည်း ယနေ့ အတော်ပင် ထူးလှပါကလား၊ အရူး ချက်ချင်းပျောက်သွားပလား၊ စာအုပ်များကိုပင် တောင်း၍ စာကြည့်နေပါကလားဟု ဝမ်းသာရမလို ဖြစ်နေ၏။

မြင့်မြင့်ကို စိတ်ဖောက်ပြန်နေ၍ ဂိုဏ်းဆရာများ၊ ပယောဂဆရာများနှင့် ကုစားရာ ဆရာများ၏အစွမ်းဟုဆိုမလား၊ သို့မဟုတ် တစ်နည်း

mgyoe.com

mgyoe.com



နည်းသောလှည့်စားမှုဟုဆိုမလား မြင့်မြင့်ထံ စုန်းမက ပူးကပ်သည်ဆို၍ မြင့်မြင့်၏ပါးစပ်မှ ဤသို့ထွက်လေတော့၏။

"အသင်တို့နှင့် ဘာမျှမဆိုင်၊ ငါနှင့် မိမြင့်မြင့်သာ ဆိုင်တယ်၊ အသင်တို့နေသာတယ်၊ အသင်တို့ကို ငါဘာမှမနှောင့်ယှက်၊ ငါ့ကိုလည်း အသင်တို့ လာပြီး မနှောင့်ယှက်နှင့်၊ မိမြင့်မြင့်ကို သင်တို့ ဘာမှမသိ–

သည်ကောင်မမှာ ငါ ပညာတတ်ဟု မာနထောင်ပြီး မိဘကိုပင် မလေးစားဘဲ ငွေရှင်အရင်းရှင်ပီပီ အင်မတန်မောက်မာတယ်၊ ကျွန်မ ဟာ အထည်ဆိုင်တစ်ဆိုင်မှာ လုံကွင်းတစ်ထည်ကို ရှစ်ကျပ်နှင့်ဆစ်နေရာ ဈေးတည့်မလိုလုပ်နေတုန်းမှာ မိမြင့်မြင့်က ငွေတစ်ဆယ်ပေးပြီး ငါငွေရှင်၊ အမွဲစုတ်နှင့် သည်လုံကွင်းဟာ မတန်ဆိုတဲ့သဘောနှင့် ပြောင်ပြောင်ပဲ ဝယ်သွားတယ်၊ ဒါ့ကြောင့် လူနှင့်လူဟာ ဘယ်လို ဘယ်လိုဆိုတာကို ကျုပ် အကြောင်းပြထားတယ်၊ ဘယ်နည်းနှင့်မှ ချမ်းသာခွင့်မပေးနိုင်၊ အသင်တို့လာစမ်းရင် ပရမ်းပတာဖြစ်ပြီး အရှက်ကွဲရုံသာရှိမယ်၊ ရပ်တန်း ကရပ်ကြ၊ သပိတ်တန်းကျသွားရင် ပိတ်မိပြီး မရှုနိုင်မရှိုက်နိုင်ဖြစ်ကုန် မယ်"

ထိုသို့ဖြစ်နေ၍ ဦးဘမြို့တို့မှာ အတော်ပင် စိတ်မချမ်းမသာဖြစ် နေရာတွင် ဆိုင်းမဆင့်ဗုံမဆင့်ဘဲနှင့် မြင့်မြင့်သည် စာဖတ်သူတို့သိ ရသည်အတိုင်း ရောဂါကင်းမဲ့သူ လူ့စိတ်ကောင်းရှိသူကဲ့သို့ဖြစ်နေ၍ အလွန့်အလွန်အံ့အားသင့်ကာ ရှိနေသည်တွင် ၎င်းတို့၏အိမ်ရှေ့တွင် ကားကလေးတစ်စင်းသည် ရောက်လာကာ ရပ်လေ၏။ ထိုကားပေါ်မှ လူပျိုလူရွယ်ကလေးနှစ်ယောက်သည် ဆင်းလာ၏။ ၎င်းတို့မှာ ဟန်နှင့် ပန်နှင့်သောသူမှာ မောင်မျိုးဆွေဖြစ်၍ တိုင်းရင်းရက်အဝတ်များနှင့် ရိုးရိုးသောသူမှာ ဘိုးတုတ်ဖြစ်၏။

မောင်မျိုးဆွေသည် မြင့်မြင့်နှင့်သူငယ်ချင်းဖြစ်၍ ချစ်သူ သူငယ်ချင်း

mgyoe.com

mgyoe.com


ဖြစ်၏။ ဘိုးတုတ်မှာကား မြင့်မြင့်ကို မသိချေ။ ၎င်းတို့သည် မြင့်မြင့် စိတ်ဖောက်ပြန်ခြင်းအကြောင်းကို လုံးဝမသိချေ။ ၎င်းတို့နှစ်ယောက်သည် အခွင့်တောင်း၍ ဦးဘမြို့တို့ထံဝင်ရောက်ကာ ရှိသေသမှုနှင့် နှုတ်ဆက်၏။ ဦးဘမြို့လည်း နေရာထိုင်ခင်းနှင့်ပင် ကောင်းစွာ ဝတ်ပြု၏။ မြင့်မြင့်သည်ကား ၎င်း၏သူငယ်ချင်းမျိုးဆွေကို ဘယ်အခါမဆို ပျူပျူငှာငှာနှင့် နှုတ်ဆက်ခဲ့သော်လည်း ယခုမူကား ဣန္ဒြေနှင့် ထီးတည်းကြီးပြု၍ သင့်တင့်ရာက မကြည့်သယောင်နှင့်ရှိလင့်ကစား ဘိုးတုတ်ကိုမူကား စိုက်၍ ကြည့်နေသလို ဖြစ်နေ၏။

မောင်မျိုးဆွေသည် ခေတ်တွင်ငံသောသူတစ်ယောက်ဖြစ်သည့်အတိုင်း ဤသို့စကားစတော့၏။

"ကျွန်တော် မမြင့်မြင့်ရဲ့သူငယ်ချင်း မောင်မျိုးဆွေပါ..."

"အော်... မယ်မြင့်က ခဏခဏပဲ အရင်ပြောဖူးပါတယ်၊ ဘတို့နေထိုင်ကောင်းကြပါရဲ့လား"

မယ်မြင့်မှာ ရွှေစက်တော်က အပြန်ဟု စကားချီပြီးလျှင် အနည်းငယ် ဦးဘမြို့သည် စကားစမိလျှင်ပင် မြင့်မြင့်သည် စကားဖြတ်၍ ဤသို့ အသံမာမာနှင့် စကားဆိုတော့၏။

"သည်စကားများကို ဘယ်သူကမေးလို့ ပြောသလဲ၊ တိတ်ပါ... ရှေ့ကိုမဆက်ပါနှင့်၊ ဒါပဲ"

မျိုးဆွေသည် "အလို... မြင့် ဘယ်လိုစကားကို ဆိုလိုက်ပါသလဲ ဟင်... ဘာဖြစ်နေသလဲ၊ ဘကပြောနေသလို စိတ်ဖောက်ပြန်နေသလား" ဟု စဉ်းစားမိတော့၏။ ဘိုးတုတ်သည်ကား ထိုကဲ့သို့ တစ်ခါဖူးမျှ ဗဟုသုတနည်းသည့်အတိုင်း မတွေ့ဖူး၊ မမြင်ဖူး၊ မကြားဖူးသဖြင့် အံ့အားသင့်ကာ "ဟင်–ဘယ့်နှာလဲ၊ ရူးများနေသလား" ဟု စဉ်းစားသလို ရှိနေပေတော့၏။

mgyoe.com

mgyoe.com


မြင့်မြင့်သည် ဤသို့စကားဆိုတော့၏။

"ကိုမျိုးဆွေ ပြန်တော့၊ ခုကို ပြန်တော့၊ ဘယ်ကဘယ်လို လူကို ခေါ်လာသလဲ၊ ခုပြန်"

"အလို၊ မယ်မြင့်... ဘာပြောသလဲ၊ အားနာစရာ"

"နာနိုင်ပေါင်...၊ ဘယ်က ဘယ်လိုလူကို ခေါ်လာရသလဲ"

"မောင်က ဘာလုပ်သလဲ"

"ကျွန်တော် ခြံသမားပါ"

"ဟာ–ဟ–ရယ်ချင်တယ်၊ ဘီအက်စီ တစ်ယောက်ဟာ ခြံသမားလား၊ ကိုင်း... ရှင်ပြန်တော့"

ဘတုတ်ကား မြင့်မြင့်သည် တကယ်အစစ် ရူးနေပြီ။ သနားစရာပါလား၊ ဖြစ်မှဖြစ်ရပလေဟု အလွန်သနားမိ၏။ သနားမိသည့်အတိုင်း ရူးနေသောသူကို နှောင့်ယှက်ရာကျမည်ကြောင့် အလွန်သနားကြင်နာသောစိတ်နှင့်ပင် "ကိုင်း... ကိုမျိုးဆွေ ပြန်ရအောင်ဗျာ" ဟုဆို၏။ မျိုးဆွေလည်း ထ၍ပြန်တော့မည်အပြုတွင် မြင့်မြင့်၏ပါးစပ်မှ ဤသို့ ဖောက်ပြန်၏ ။

"မောင်... မြင့်မြင့်ကို သနားပြီး မပြန်ပါနှင့်၊ စက်ဆုပ်ရွံရှာပြီးပြန်ပါ၊ မြင့်မြင့်ကို ဘာကြောင့် မသနားရမှာလဲ၊ မြင့်မြင့်ဟာ ဘယ်လိုအကျင့်ဆိုးလို့ စက်ဆုပ်ရွံရှာရမှာလဲ"

မြင့်မြင့်၏အမေ ဒေါ်ကြိုင်ကား မျိုးဆွေမြင်သာအောင် "ဒါဟာ မြင့်မြင့်ရဲ့စကားမဟုတ်၊ မြင့်မြင့်ထံလာပူးသော စုန်းမရဲ့စကားပါ" ဟု စာရေးပြ၏။ ဘတုတ်ကား ဆက်၍ ထိုသို့ပြောပြန်၏။

"မြင့်မြင့်ကိုသာလျှင် မဟုတ်၊ သတ္တဝါတိုင်းကို သနားရမှာပါ။ လောကမှာ အကျင့်ဆိုးသူ အကျင့်ကောင်းသူတို့ဟာ လောကရဲ့ တန်ဆာပလာတွေပါ၊ ဒါကြောင့် မြင့်မြင့်ကို သနားပြီး ပြန်ရမှာပဲ၊ မြင့်မြင့်ကို

mgyoe.com

mgyoe.com


သနားလို့ မြင့်မြင့်မှာ နစ်နာစရာ မရှိပါဘူး၊ ကိုင်း... ကိုမျိုးဆွေ ပြန်ရအောင်ဗျာ"

"မြင့်မြင့်ကိုသနားလို့ မြင့်မြင့်မှာ မနစ်နာသော်လည်း ကျွန်မမှာတော့ ရင်ဘတ်ကို မီးနှင့်မြှိုက်သလို ပူပါတယ်"

"ဘယ်က ကျွန်မလဲ... ခင်ဗျာ"

"ကျောင်းဒကာ ဦးဘမြို့ ပြောပြလိုက်ပါရှင်"

ထိုအခါ ဦးဘမြို့သည် မှော်ဆရာ၊ ပယောဂဆရာများ၊ ဂိုဏ်းဆရာများတို့နှင့် မိမိ၏သမီး ရူးနေခြင်းကို ကုလာခဲ့ရ၍ အကြားအမြင်များလာသဖြင့် စုန်းမ၏စကားများနှင့် စုန်းမက ပြုစားထားခြင်းသဘောတို့ကို ပြောပြလေရာ ဘတုတ်သည် ဤသို့ပြောလေ၏။

"ဘရယ်... လောကမှာ စုန်းရှိသလား၊ စုန်းဟာ ပြုစားနိုင်သလား၊ စုန်းကို ကျွန်တော် မယုံမကြည်၊ စုန်းက ပြုစားနိုင်တယ်ဆိုတာကိုလည်း ကျွန်တော် သဘောမပေါက်ပါ..."

ထိုအခါ မြင့်မြင့်ထံမှ ဤသို့ စကားထွက်လာတော့၏။

"သည်လိုလူနှင့်မှ တွေ့ရပလေ ဟင်း..."

"မောင်... မောင်... မယုံမကြည်ဆိုတာကိုတော့ ဘက ဘယ်လိုမှ မဆိုလိုပါ။ သို့သော် ဘတို့မှာတော့ ကိုယ်တွေ့ တွေ့နေရပါတယ်"

"ဘ စဉ်းစားပါ၊ လောကမှာ ဘယ်သူကမှ ဘယ်သူ့ကို မကောင်းမပြုနိုင်ပါ၊ ဘယ်သူကမှ ဘယ်သူ့ကို မကောင်းမပြုစားနိုင်ပါ၊ မိမိကသာ မိမိကို မကောင်းပြုနေတာပါ၊ မိမိက မိမိကို ပြုစားနေတာပါခင်ဗျာ"

"မောင်... ကိုယ့်သမီးကြောင့် ကိုယ်ပြောတာ မဟုတ်ပါ၊ မယ်မြင့်ဟာ ဘယ်သူ့ကိုမျှ မကောင်းမပြုမူပါ၊ ရိုးရိုးမှတ်မှတ် သိမ်သိမ်မွေ့မွေ့နှင့် ကျောင်းဆရာမပြုလုပ်နေလို့ မြို့ကကို ချစ်ကြပါတယ်"

"ဒါကို ကျွန်တော် ယုံကြည်ပါတယ်၊ သို့သော် သတ္တဝါတို့မှာ

mgyoe.com

mgyoe.com


ကိုယ်ထိလက်ရောက်ပြုမှုခြင်း၊ စကားနှင့်ပြုမှုခြင်း၊ စိတ်နှင့်ပြုမှုခြင်းဟူ၍ ရှိပါတယ်၊ စိတ်နှင့်ပြုမှုခြင်းကို မည်သူမျှ မမြင်မကြားနိုင်ပါ"

"စိတ်နှင့်လူတစ်ယောက်ကို ဆင်းရဲပင်ပန်းစေချင်တယ်၊ မကောင်းဖြစ်စေချင်တယ်၊ စိတ်ထဲက သူဟာ အရှုံးလိုပဲဟု အောက်မေ့လာရင် ဟိုဘဝ ဘဝက ပြုခဲ့တဲ့မကောင်းမှုဟာ ပြေးဟပ်လာပြီး အကျိုးပေးနိုင်ခွင့်ရှိက ပေးတတ်ပါတယ်၊ ဒါကို ဝိပါကလို့ ခေါ်ပါတယ်"

"ခုတော့..."

"ကျွန်မ ပြောပြပါမယ်၊ မမြင့်မြင့်ရဲ့ အဖေ အမေ၊ ကျွန်မပြုစားတတ်တာ အမှန်ပါ၊ ဒါပေ့ လူတိုင်းကို ပြုစားနိုင်သလားဆိုတော့ အများအားဖြင့် ရတနာသုံးပါးမြဲတဲ့လူ၊ ဝိပါကအကျိုးဆိုးမပေးလာတဲ့လူကို ဘယ်မှာပြုစားနိုင်မလဲ၊ ခုတော့နော်... အကြောင်းထင်ရှားနေလို့ ပြောတော့မယ်"

"ပြောစမ်းပါ..."

"ခုလာတဲ့ ကိုမျိုးဆွေနှင့် ပါလာတဲ့လူဟာ ဆေးသမားမဟုတ်၊ ဆေးကုစားတဲ့ လူတစ်ယောက်မဟုတ်၊ သက်သက် သူတစ်ပါးအပေါ်မှာ ဖြူစင်တဲ့စိတ်ထားနှင့် စေတနာထားပြီး လုပ်စားနေတဲ့လူပါ"

"ထားပါတော့..."

"ငွေကိုလိုလို့၊ ဂုဏ်ကိုလိုလို့၊ ထင်ပေါ်ကျော်ကြားခြင်းကိုလိုလို့ ကုစားနေတဲ့ ပယောဂဆရာ၊ ဂိုဏ်းဆရာ၊ မှော်ဆရာတွေဟာ မြင့်မြင့်ကို အဝတ်မကပ်နိုင်အောင် လုပ်ထားတော့ မြင့်မြင့်ဟာ ပင်ကိုအားဖြင့် လုံးကြီးပေါက်လှဖြစ်နေရာ ဆူဖြိုးသွေးတက်တဲ့အရွယ်မှာဆိုတော့ သူ့ရဲ့ အင်္ဂါစာတ်အရပ်ရပ်ဟာ ဆရာတွေရဲ့စိတ်နှလုံးကို တုန်လှုပ်စေပါတယ်၊ သည်တော့ သည်ဆရာတွေကို ကျွန်မက ဘာမှုမလဲ..."

"အော်..."

mgyoe.com

mgyoe.com



"ယခု ဟိုဖျင်အင်္ကျီ၊ တိုင်းရင်းရက်ထည်လုံကွင်းဝတ် မောင်က တော့ သည်လို တုံးလုံးစင်းလင်းတွေကို သဘာဝသဘောတွေဆိုပြီးထား နေတော့ သူသည်လိုမြင်ရရင် သိပ်သနားမယ်၊ သူရဲ့ အသနားစိတ်အား ကြီးလာရင် ကျွန်မရဲ့ခေါင်းကို ဓာတ်ကူးပြီး မီးလောင်မယ်၊ ဒါကြောင့် ကျွန်မ မယ်မြင့်ကို အကောင်းပြကတော့လို့ ပြုပြင်ထားပါတယ်"

"အင်း..."

"တိုတိုပဲရှင်...၊ ကျွန်မ သူ့စကားကိုကြားရတော့ နောင် ကျွန်မ ဝင်္ဂပါမှာကို ကြောက်လာပါတယ်၊ ကိုင်း... ရှင်သည် ဝိပါကကို နောင် မတွေ့ရအောင်၊ တွေ့သော်လည်း ခဏနှင့်ပပျောက်ရန် ဘယ်လိုလုပ် ရမလဲ၊ ကျွန်မရဲ့အတတ်ကို နုတ်ပါမယ်..."

"ဒါတော့ခင်ဗျာ... ဘုရားအရာပါ၊ သို့သော်... ကျွန်တော့်ယူဆ ချက်နော် ကျမ်းဂန်တွေ့ မဟုတ်ပါ၊ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါး တွင် သမပဋ္ဌာန်လေးပါးမှာ ပြုခဲ့ဖူးတဲ့မကောင်းမှုမျိုးပယ်ဖျောက်၊ နောင် ထိုမကောင်းမှုမျိုးကို မပြုမိအောင် ပြုကျင့်၊ သူတစ်ပါးအပေါ်မှာ ဖြူစင်တဲ့ စိတ်ကို အမြဲထားပြီး သူတစ်ပါးကောင်းစားတာကို ဝမ်းသာပေါ့..."

"သတိရပြီ၊ မှတ်မိပြီ၊ မောင်ပါပဲ"

"အမိန့်ရှိပါခင်ဗျာ"

"တန့်ကြည့်တောင် ဘုရားပွဲမှာ ရဟန်းတော်များအား ဆွမ်းလောင်း ပြီးတော့ လူကြီးများစုပြီး စကားပြောနေတဲ့အထဲမှာ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် မြတ်သောအကျင့်ကိုကျင့်ရင် မြင့်မြတ်ပါတယ်၊ မြင့်မြတ် တဲ့သူများဟာ မြတ်စွာဘုရားသာသနာတော်တွင်း၌ အနာရောဂါကင်းရှင်း ၍ ချမ်းသာခြင်းသည် မိမိနှင့်တကွ ဆွေမျိုးဉာတိအပေါင်းအသင်း တစ်စုတို့၏အပေါ်၌ ရစေနိုင်တတ်ပါတယ်လို့ ပြောဖူးတယ် မဟုတ်လား"

"ကျွန်တော်တော့ မေ့တေ့တေ့ပဲ၊ ဒါပေ့ ထားပါတော့ခင်ဗျာ..."

mgyoe.com

mgyoe.com



"အဲသည်တော့ ဘယ်လိုမြတ်တဲ့အကျင့်ကို ကျင့်ရမယ်ဆိုတာ သိဖို့လိုတယ်မဟုတ်လား..."

"ကျွန်တော့်အယူအဆပဲ ဆိုပါတော့ ခင်ဗျာ"

"ဆိုပါ..."

"မုသားပြောခြင်း၊ ကုန်းချောခြင်း၊ သိမ်ဖျင်းတဲ့စကားအကျိုးမဲ့စကားကို ပြောဆိုခြင်းတို့ကို ကင်းသည်ထက်ကင်း၊ သူတစ်ပါးအပေါ်၌ မနာလိုခြင်း၊ ဝန်တိုခြင်း၊ ပိတ်ပင်စဉ်းလဲခြင်း၊ နိုင်သလို နှိပ်စက်ညှဉ်းပန်းခြင်း၊ ငြူစူခြင်းတို့ကို ရှောင်သည်ထက်ရှောင်"

"အင်း... ဟုတ်ပြီ"

"သူတစ်ပါးအပေါ်မှာ ခေါင်းပုံဖြတ်ခြင်း၊ သွေးစုပ်ခြင်း၊ အမြတ်ကြီးစားခြင်း၊ ငွေတိုးစားခြင်း၊ ကုန်လှောင်ကာအမြတ်များများ ထုတ်ခြင်းတို့ကို တတ်နိုင်သလောက် ရှောင်ပြီး လူတိုင်းအပေါ်မှာ သနားရမယ်၊ ခါချဉ်ကောင်ဟာ မိမိအုံကို ဖွပ်ရန်လာသောသူအား ရန်ပြုသလို မပြုဘဲ လူတိုင်းအပေါ်မှာ သနားရမယ်၊ သူတစ်ပါး ကျန်းမာချမ်းသာကောင်းစားတာကို ဝမ်းသာရမယ်၊ သူတစ်ပါးရဲ့အပြစ်ကို သဘာဝဟု ယူဆလျက် မိမိမှာ အပြစ်မရှိအောင် ပြုကျင့်ရမယ် ထင်တာပါပဲ"

"ဝမ်းသာပါတယ်၊ မြင့်မြင့်အပေါ်မှာ ပြုစားမိတာကိုနုတ်ပါပြီ၊ ရေတစ်ခွက်သာ မောင့်လက်နှင့်ကိုင်၍ မစကာ မြင့်မြင့်အား တိုက်ပါတော့၊ ကျေးဇူးအထူးများပါတယ်"

ထိုသို့သော ဓာတ်လမ်းသည်ဖြစ်နေ၍ မြင့်မြင့်အား ရေတိုက်လိုက်ရာ မြင့်မြင့်သည် ချက်ချင်းပင် စိတ်ကြည်လင်သလို ဖြစ်လာပြီး ခဏ၌ အော်... ကိုမျိုးဆွေတို့ရောက်နေသကိုးဟု ပြုံးကြည်စွာ နှုတ်ဆက်လေ၏။ အနားသို့လာ၍ ဒီဂရီမယ်ပီသစွာ ကုလားထိုင်တစ် ခုပေါ်တွင် ဝင်ကာ ထိုင်နေတော့၏။ ဤသို့လည်း စကားခင်းလေ၏။

mgyoe.com

mgyoe.com



"ရှင် ဘီအယ်ဝင်တာ...."

"ကျွန်တော်အောင်လို့ ခုရှေ့နေလိုက်ရန် သင်နေပါပြီ"

"ဝမ်းသာပါတယ်၊ ကျွန်မတို့ စာပြတ်သွားတယ်နော်၊ တောင်းပန်ပါတယ်"

"ကျွန်တော်လည်း အလုပ်ကများလို့၊ တောင်းပန်ပါတယ်"

"ခုလည်း အလုပ်ကိစ္စတစ်ခုနှင့် လာရာ၊ လမ်းကြုံလာ၍ အမြင့်ထံဝင်လာပါတယ်"

"ရှင်တို့ ခဏပေါ့..."

"ခဏပါ..."

"သည်က မိတ်ဆွေကရောရှင်..."

"ကျွန်တော် ခြံလုပ်သမားပါ..."

"ကိုဘတုတ်ဟာ ခြံလုပ်စားနေပေမဲ့..."

"ဟာ ကိုမျိုးဆွေ...." ဟု မိမိအကြောင်းကို မပြောစေလိုသည့် သဘောနှင့် စကားအားဖြင့် ပိတ်လိုက်၍ ရပ်သွားလေ၏။ ခဏချင်း ဖြင့်ပင် ဧည့်ခန်းမှ စကားသဘောသည် တိတ်သွားသလို ဖြစ်နေ၏။

မျိုးဆွေတို့လည်း နောက်အလည်အပတ်ဆိုသလို ရောက်ကောင်းပါတယ်ဟု ပြောဆို၍ မြင့်မြင့်တို့ကို နှုတ်ဆက်ပြီးသော် ပြန်သွားကြလေ၏။

မိတ်ဆွေနှစ်ယောက်လည်း ကားပေါ်တွင် ဤသို့လျှင် စကားတပြောပြောနှင့် ပါသွားလေ၏။

"ခင်ဗျားနှင့်ကျွန်တော်... ခင်ဗျားတွေ့ထားတဲ့ နေရာမှာအစုစပ်ဖွဲ့ပြီး အကြီးအကျယ် လုပ်မယ်ဗျာ"

"စဉ်းစားဦးဗျာ"

"ဘာလဲ၊ ငွေကိစ္စလား...၊ ငွေအတွက် ပူပင်စရာ မရှိဘူးဗျ"

mgyoe.com

mgyoe.com



"လူဆိုတာ ယခုမျက်မှောက်ကိုသာ မကြည့်ရဘူးဗျ၊ နောင်တွေ့ရမယ့် သဘောကိုလည်း စဉ်းစားရမယ်"

"ဆိုဗျာ..."

"ခု ကျွန်တော်တို့ လုပ်ရင်ကြီးပွားမယ်၊ ကောင်းစားမယ်၊ လူတွေအလုပ်ရပြီ၊ တိုင်းပြည်မှာ အဆင့်အတန်းတက်မယ်၊ အစိုးရလည်းချမ်းသာမယ်ပေါ့ဗျာ၊ အဲသည်လိုကြီးပွားကောင်းစားတော့ တိုင်းပြည်ကလည်း ဆိုရှယ်လစ်စတိတ်ကို ဦးတည်နေတော့ တစ်နေ့မှာ ပြည်သူပိုင်လုပ်မယ်ဗျ"

"အင်း... အဲ့ဒါကိုလည်း ထည့်သွင်းစဉ်းစားရမယ်"

"သည်လိုလုပ်တာကိုလည်း ကျွန်တော်တို့ ဝမ်းသာရမယ်၊ ပြည်သူပိုင်လုပ်တဲ့အခါ ဟိုတိုင်းပြည်တွေလို ကျွန်တော်တို့ဘက်မှာ ထားခဲ့တဲ့ငွေကိုပါ သည်အလုပ်ကရတဲ့ငွေဆိုပြီး သိမ်းရင် သိမ်းနိုင်တယ်ဗျ"

"အင်း..."

"ဒါပေမဲ့ တိုင်းပြည်အတွက်ဆိုပြီး ကျွန်တော်တို့ လက်ခံနိုင်ရမယ်"

"အခက်သားလားဗျာ"

"မခက်နှင့်လေ၊ မျိုးချစ်စိတ်သာမှုလပါ၊ ဒါပေ့ အစိုးရက သည်အလုပ်ကို သိမ်းပြီးလုပ်တဲ့အခါ အလုပ်သမားတွေဟာ အစိုးရအမှုထမ်းသဘောဆောင်လာရမယ်၊ လွတ်လပ်ရေးရပြီးတဲ့နောက် အစိုးရအမှုထမ်းဆိုတဲ့ အလုပ်သမားများစွာရဲ့ အကျင့်စာရိတ္တကို ထည့်သွင်းစဉ်းစားရမယ်"

"ဟုတ်တယ်ဗျ၊ အလုပ်ဆိုတာ အလုပ်ကို ချစ်တဲ့သူများလုပ်မှ သည်လုပ်ငန်းဟာ ကြီးပွားပြီး တိုင်းပြည်ကို အကျိုးပြုနိုင်တယ်၊ ငွေကိုငမ်းပြီး ငွေရှာသမားတွေ လုပ်တဲ့ အစိုးရရဲ့လုပ်ငန်းမှာ အဂတိ လိုက်စားမှုတွေ များလာပြီး လုပ်ငန်းဟာ တိုးတက်မကြီးပွားဘဲ လုပ်ငန်းကြီးတစ်ခု

mgyoe.com

mgyoe.com


လုံးဟာ ပရမ်းပတာ ဖြစ်သွားတတ်တယ်"

"နတ်သမီးတံဆိပ်အချိုလက်ဖက်ခြောက်လုပ်ငန်းကို ပြည်သူပိုင် လုပ်လိုက်တာကို စံထားရမယ်ဗျာ၊ ခု သည်လုပ်ငန်းဟာ ပပျောက် သွားပြီး ဖ ဆ ပ လ ရဲ့ ဂုဏ်ရည်ကို ဆောင်သွားတာလိုဖြစ်နေတယ်"

"အတော်စဉ်းစားရမယ်ဗျာ၊ ကိုယ်တို့က အလုပ်အကိုင်တစ်ခုကို တိုင်းပြည်အတွက် ကြိုးစားကာတည်ထောင်ပြီးတော့မှ ငွေငမ်းသမား တွေကြောင့် ပျက်စီးသွားရရင်လည်း အခက်"

"ဒါကြောင့် ကျွန်တော်လည်း ခြံသမားအဖြစ်နှင့် နှစ်သိမ့်နေရတာ ပါပဲဗျာ"

❐

mgyoe.com

mgyoe.com

# ညစ်ညမ်းမေထုန်၊ ထုံအာရုံ

လောကသည်ကား အလွန်ဆန်းကြယ်ရုံမျှမက ဆန်းပြားလျက်ရှိသည်။ ကျွန်ုပ်တို့လူမျိုးမှာ သာ၍ဆန်းပြားသကဲ့သို့ ဖြစ်နေပေသည်။ ရှေးအခါက ကံ၏အကျိုးကို ယုံကြည်ပါသည်ဆိုသော မြန်မာ ကျွန်ုပ်တို့လူမျိုးမှာ အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တန်တို့ ရှိလာခဲ့သည်။ ပယောဂပညာ၊ မှော်ပညာဟူ၍လည်း ရှိလာခဲ့သည်။ စုန်းနတ်တစ္ဆေစသည်တို့ကိုလည်း ယုံကြည်သူတို့ များလာခဲ့ကြသည်။

ယခု လွတ်လပ်ရေးရလာသော ယခုခေတ်တွင် စုန်းနတ်တစ္ဆေ မှော် ပယောဂ စသည်တို့ကို ပယ်သောသူ၊ မယုံကြည်သောသူတို့ရှိကြခြင်း များသလိုရှိနေပေသည်။ ကျွန်ုပ်ကား အသက်တစ်ဆယ့်တစ်နှစ် ကျော်လာကတည်းကစ၍ ၎င်းတို့ကို လုံးဝမယုံမကြည်။ ဥစ္စာစောင့် သရဲသဘက်ဆိုခြင်းတို့ကို နိသက်သက်ပုံတို ရှေးစကားများဟု ယူဆခဲ့၍ ကျွန်ုပ်တို့၏ တပည့်တပန်းများထဲတွင် ထိုသို့မယုံကြည်သောသူတို့ကို အတော်ပင်သဘောကျသည်။ သို့သော် ထိုမယုံမကြည်သောသူတို့လည်း တစ္ဆေကိုကြောက်သေးသည်။ ကြောက်ခြင်းသည်ပင် ဘာကြောင့်လဲ ဟုကား ချင်းတို့ မသိကြချေ။

mgyoe.com

mgyoe.com


တစ်နေ့သော် ပယောဂ မှော် စုန်း နတ်တို့ကို မယုံသောတပည့်တစ်ယောက်၏ ထိတ်လန့်ကြောက်ရွံ့ခြင်းစွဲကပ်နေသောမိန်းမကို တပည့်တစ်ယောက် အင်းသမားက ရေမန်းနှင့်ကုစား၍ ပျောက်ကင်းကြောင်းကို ၎င်းတို့ကပြောပြ၍ ကျွန်ုပ် အပြုံးကြီး ပြုံးမိသည်။

ပြီးခဲ့သည့် အခန်း (၁) ၌ မရှင်းမရှင်းနေကြမလားဟု ထင်မိသည်။ ဘတုတ်၏အကြောင်းကို ဖော်ထုတ်တင်ပြရန် လိုသည်။ သို့သော် ကျွန်ုပ်ကား ဘတုတ် ဘာလဲဟု မပြောသာပေ။

ဘတုတ်သည် တစ်နေ့သောဥပုသ်နေ့တွင် လမ်းလျှောက်သွားရင်း အိမ်တစ်အိမ်သို့ ဝင်တော့ပြီ။ ၎င်းအိမ်မှာ အမေအိုကြီးကို လုပ်ကျွေးသမှုပြုနေသော သမီးပျိုသုံးယောက်ရှိသည်။ အမည်မှာ မိကြည်၊ မိရည်၊ မိသီဖြစ်၍ သုံးယောက်စလုံး ကြာသပတေးသမီးများ ဖြစ်ကြသည်။

မိသီသည် ဖတ်နေသော မဂ္ဂဇင်းကိုပိတ်၍ "ကြွ အစ်ကိုကြီး" ဟု ဧည့်ဝတ်ပြုသည်။

"ဟဲ့ မိသီ... နင်ငါပြောတာကို စမ်းသပ်ပြီးပြီလား"

"မစမ်းသပ်ရသေးပါ"

"နင် သိပ်ပျင်းတဲ့ကောင်မလေး၊ နင်တို့ ကျောက်ဖရုံယိုလုပ်ဖို့ သကြားကို လွယ်လွယ်နှင့် အစိုးရဈေးအတိုင်းရမယ် မထင်နှင့်၊ အဲသည်တော့မှ နှာခေါင်းကျည်ပွေ့တွေ့နေမယ်"

"မမက... သကြား လိုသလိုရနိုင်ပါတယ်လို့ ပြောတယ်"

"နင့်မမ မိရည်က... သူ့ရုပ်ပုံကို မှန်ထဲမှာကြည့်၊ ဓာတ်ပုံရိုက်ပြီးကြည့်၊ ကြည့်ပြီး အကောင်တွေတော့ ထိစေမယ့်သဘောနှင့် သိပ်အားကိုးတယ်"

"မမနဲ့အစ်ကိုကြီး... ဒါကြောင့် မတည့်တာ"

"ဟ၊ မိရည်က သူ့ဒီဂရီရခဲ့တာနှင့် ငါ့အာကာဟု ထင်နေပုံရတယ်၊

mgyoe.com

mgyoe.com


လောကအကြောင်းကို ဘာမှမသိဘူး"

"ဘာသိရမှာလဲ အစ်ကိုကြီးရယ်"

"မိန်းမများရဲ့ ချိုချိုပြုံးမျက်နှာဟာ ယောကျ်ားများရဲ့နှလုံးကို အမြဲရွှင်ကြည်စေတယ်၊ မိန်းမများရဲ့တင်နှင့်ရင်ဟာ ယောကျ်ားများရဲ့ မျက်စိကို အမြဲရွှင်မြူးစေတယ်..."

"ဒါ ဘာဖြစ်သလဲ၊ အစ်ကိုကြီးလည်း... သည်လိုလား"

"ဟဲ့ မိသီ၊ ငါယောကျ်ားတို့မဆို၊ ယောကျ်ားများ ဆိုတယ်"

"အစ်ကိုကြီး... သည်လိုအပြောမျိုးကြောင့် မမကြီးက ရန်ထောင်တာပဲ"

"နင်တို့ ကျောက်ဖရုံယိုအလုပ်ဟာ သကြားလုံလုံလောက်လောက် မရရင် ခက်မယ်၊ ဒါကြောင့် ငါစာတ်စမ်းဖို့ ပြောတယ်၊ နင်တို့အားထောက်ပံ့ရေးက သကြားကို အလုံအလောက်ထုတ်ဆပေးနေတာ ဘာကြောင့်လို့ သိဖို့လိုတယ်"

"ကျွန်မ စမ်းသပ်ပါ့မယ်"

"အေး..."

"အစ်ကိုကြီး၊ ငွေသုံးရာယူသွားပါ"

"ဘယ်ကငွေလဲ"

"လွန်ခဲ့တဲ့ စနေနေ့က ယူတဲ့ငွေလေ"

"ဘယ်သူယူသလဲ"

"ကျွန်မယူတာလေ"

"နင် ငါ့ထံက ငွေ မယူဖူးပါဘူး"

"ကျွန်မ အေးအေးထံက ယူလာခဲ့တယ်ရှင့်"

"အေးအေးထံကယူရင် အေးအေးထံ သွားပေးပါလား"

"အေးအေးတို့များ ဘုန်းကြီးပါပေ့"

mgyoe.com

mgyoe.com


"ဘာဘုန်းကြီးတာလဲ"

"အစ်ကိုကြီးဟာ ဘာမဆို အေးအေးတစ်ခုပဲ"

"အေး ဟုတ်တယ်၊ သူဟာ ငါ့စာရေးကိုး"

"တစ်နေ့ ငွေတွေယူပြီး လင့်နောက်လိုက်ပြေးမှ ခက်နေမယ်"

"ဘာကြောင့် ခက်ရမှာလဲ၊ သာပြီးဟန်ကျတာပေါ့"

"အစ်ကိုကြီးဟာ ခွကြီးပါပဲ"

"သည်ကောင်မကလေး၊ စာမဖတ်ပါဘူး"

"ဖတ်ပါတယ်"

"ခြင်ထောင်စာကိုချည်းဖတ်တာနဲ့ စာဖတ်မပြောက်ဘူး"

ထိုသို့ပြောနေစဉ် ဒေါ်သိုင်းခြံသည် သမီးမိကြည်၊ မိရည်တို့နှင့် ဘုန်းကြီးကျောင်းမှ ပြန်လာကြ၍ ဘတုတ်ကိုတွေ့လတ်သော် ဝမ်းသာအားရနှင့် ဤသို့ပြောလေ၏။

"ဝမ်းသာလိုက်တာအေရယ်၊ ငါ မင်းထံ မိသီကို အုန်းထမင်းနဲ့ ကြက်သားချက် အပို့လွှတ်ရင်း အခေါ်လွှတ်မလို့"

"ကြီးကြီး အခေါ်လွှတ်တာတော့ လွှတ်လို့ ရပါတယ်၊ ထမင်းဟင်း ပို့တာကိုတော့ သည်းခံပါလို့ တောင်းပန်ပါတယ်၊ ကျွန်တော်က ပို့ရတာသာ နည်းကျပါတယ်၊ လောကဝတ်လည်း သင့်ပါတယ်"

"နင်ဟာ ယနေ့တိုင် လူပျိုကြီးလုပ်နေတော့ အစ်မလည်း မရှိတော့လို့ ကောင်းကောင်းရှိတိုင်း သတိရတာနှင့်ပဲကွယ်၊ ငါ့အား မင်းပြောတဲ့အတိုင်း ဂုဏ်တော်ကို သင့်ရုံလောက်ရွတ်ပြီး မြတ်စွာဘုရားကို မလပ်ရအောင် ဝင်စားနိုင်သရွေ့ ဝင်စားကာ မမေ့မလျော့အပ်တဲ့ သဘောလေးရုပ်ကို ဆောက်တည်နေပါတယ်၊ ပြီးတော့လည်း ငါဟာ သေရမှာကို မြင်လို့အလိုရမ္မက်ကို ဖြတ်ပါတယ်၊ တုန်လှုပ်မှုကိုလည်း သည်းခံနိုင်သရွေ့ သည်းခံပါတယ်၊ တက်ကြွထောင်လွှားမှုကိုလည်း ဖြတ်နိုင်သရွေ့ဖြတ်ပါတယ်"

mgyoe.com

mgyoe.com



"ဝမ်းသာပါတယ်ခင်ဗျာ"

"ငါကွယ်... တစ်နေ့က အိပ်မက် မက်တယ်"

"ဟုတ်ကဲ့ ဘယ်လိုပါလဲခင်ဗျာ"

"ငါအိပ်မက်မှ နိုးနိုးချင်း မိကြည်ကိုတောင် ပြောပြသေးတယ်၊ ငါ့ထံ နတ်ရထားကြီးတဲ့ကွယ်၊ ဆိုက်လာပြီး နတ်မင်းကြီးလေးယောက်က သူတို့ နတ်ပြည်သို့ တရားဆွေးနွေးဖော်ရရန် လိုက်ပါတဲ့၊ ငါက ဘာမှပြန်မပြောတော့ သူတို့နတ်ပြည်ဟာ အင်မတန်သာယာတဲ့အကြောင်း၊ ငါ့ကို အလွန်နှစ်လိုဖွယ်ကောင်းတဲ့ ဗိမာန်နှင့်ထားမည့် အကြောင်းတို့နှင့် ပြောပြတယ်"

"ကြီးကြီးက ဘာပြောသလဲ"

"ကျွန်မဟာ ခပ်သိမ်းသောပြုပြင်မှုသင်္ခါရတို့သည် ဖောက်ပြန်ပျက်စီးရမှာချည်းဖြစ်တာကို သိနေပြီ၊ ဒါကြောင့် မလိုက်လို၊ သည်လိုပြောနေတုန်းမှာ မိကြည်က လှုပ်နှိုးလို့ နိုးလာတယ်ကွယ်၊ သည်သဘောကို ရှင်းပြစမ်းပါကွယ်"

"ဟာ....ကြီးကြီးကလည်း...ဒါဟာ အလကားပါ၊ ကြီးကြီးတို့ခမျာ မိတ်ဆွေတစ်စုစုပြီး သည်လိုသဘောတွေကို အရင်ပြောဖူးကြလို့ပါ"

"ငါတော့ ဝမ်းသာနေတာပဲ"

"ဝမ်းသာတာ ကောင်းပါတယ်"

ထိုသို့ပြောနေစဉ် မိကြည်သည် မိသီအား ငွေသုံးရာကျပ်ပေးလိုက်ရန်ပြောရာ မိသီလည်း ဤသို့ စကားရှည်ပြန်၏။

"ကျွန်မ အစ်ကိုကြီးထံ ငွေသုံးရာ ပေးပါတယ်၊ လက်မခံပါ၊ အေးအေးထံ ပေးတဲ့"

"မိအေးအေးတို့က သိပ်အရာရောက်နေတာပဲ"

"ဘာများအရာရောက်လို့လဲ"

mgyoe.com

mgyoe.com


"အေးအေးထံ ငွေသွားပေးဆိုတာ... အေးအေးအား ဦးစားပေးတာပဲ မဟုတ်လား"

"ဒါဟာ ခေတ်ပညာတတ် တက္ကသိုလ်မယ်တစ်ယောက်ရဲ့ စကားတဲ့၊ သဘောတရားနှင့်အညီ ကျုပ်စည်းကမ်းနဲ့ အလုပ်လုပ်တာဗျ၊ ကိုယ်ပြောလိုက်တဲ့စကားဟာ ဘယ်ကိုရောက်သွားတယ်ဆိုတာကို သတိထားပြီးပြောမှ မြင့်မြတ်တဲ့စကားဖြစ်နိုင်တယ်ဗျ"

"ကောင်းပါပြီ၊ လမ်းဆုံးရင် ရွာတွေ့မှာပါ၊ သည်တော့မှ ကံတွေနဖူးစာတွေကို လွှဲမချပါနှင့်"

"နေဦး.... မမကြည်၊ အစ်ကိုကြီးနှင့်ရန်ထောင်တာကို ဘေးတွင်ချိတ်ထားဦး အုန်းဆီစက်ကို တစ်သောင်းနဲ့ ရောင်းမယ်ဆိုတာ သွားကြည့်ပြီးပြီလား"

"ဟာ.... ကြုံကြုံဖန်ဖန် အုန်းဆီစက်လိုချင်တယ် မဟုတ်လား"

"လိုချင်တာပေါ့"

"သန်ဘက်ခါ အုန်းဆီစက်ရောက်လာလိမ့်မယ်၊ အုန်းသီးဝယ်နိုင်သမျှဝယ်ဖို့ ငွေသွားထုတ်လိုက်"

"စက်ဖိုးရော...."

"ငါပြောလိုက်လိမ့်မယ်မိသီ၊ စက်ရောက်လာရင်... စက်ဖိုးကို မေးစရာ လိုသေးသလား"

"ဟော့... ညည်းတို့ နားမဝေးကြနဲ့"

"ခင်ဗျားစကားကို ဝေ့ပတ်ပတ်မပြောနဲ့၊ စက်ရောက်တဲ့နေ့ ရုံးမှာသွားပြီးတင်လိုက်၊ ရော့... သည်မှာ ပြည့်ပြည့်စုံစုံ လျှောက်လွှာရေးထားတယ်၊ စက်က မိကြည်၊ မိရည်၊ မိသီ ညီအစ်မသုံးယောက် အစုစပ်အုန်းဆီစက်ဖွင့်ရဖို့လျှောက်လွှာ"

"ညည်းတို့အေ... ငါ့မှာ အစ်ကိုနှင့်အစ်မ ဘဝကူးသွားတော့ ဘတုတ်

mgyoe.com

mgyoe.com


ကိုပဲ သားမရှိလို့ သားလုပ်နေရတယ်၊ ဘတုတ်လာရင် ညည်းတို့ ဝိုင်းပြီး ရန်ထောင်ကြတာပဲ"

"အမေက စဉ်းစားမိဟန်မတူ"

"ဘာ စဉ်းစားရမလဲ... မိကြည်"

"ဘာမဆို အေးအေးချည်းပဲ သူ့ကို မြို့ကလူကြီးလူကောင်း တစ်ယောက်အဖြစ်နှင့် အလှူမင်္ဂလာအခမ်းအနားသဘာ၊ မြို့ရေးရပ်ရေး ကိစ္စတို့၌ ဦးစားပေးဖိတ်ကြပါတယ်၊ သူဘယ်တော့မှမလာ၊ သူ့ကိုယ်စား အေးအေးချည်းပဲ"

"ကျုပ်က ဒါမျိုးတွေကို တော်လှန်နေချင်တဲ့ တော်လှန်ရေးသမား ပါ"

"ဟာဟ... ရယ်ချင်တယ်၊ မင်္ဂလာဆောင်၊ အလှူတို့ကို အေးအေး လာရင်ကတဲ လက်ဝတ်လက်စားတွေ တဝင်းဝင်းတလက်လက်နဲ့ ဘယ်မင်းကတော် ဘယ်သူဌေးသမီးတွေက တုပနိုင်မလဲ၊ တကတဲ အေးအေး.... အေးအေးနှင့် နေကြတာပဲ"

"မမိကြည်၊ မိအေးမိကို သူတောင်းစားမရုပ်နဲ့ ပွဲထုတ်ရင် မိအေးမိ ဟာ ကျုပ်ရဲ့စာရေးမဆိုတာကို မြို့က သိတယ်၊ သည်တော့ ကျုပ်ရဲ့ ခေါင်းကိုထိမှာပေါ့၊ ကိုင်း.... ကောင်းမလား...."

"ကိုစကားတတ်၊ သင့်ရုံပေါ့၊ ခုတော့ လွန်လွန်းတယ်၊ ပြီးတော့ သည်လို မင်္ဂလာဆောင်၊ အလှူတို့ကို မကြိုက်လို့ တော်လှန်ရေးသမား တဲ့၊ ပြီးတော့... လက်ဖွဲ့တော့ အနည်းဆုံး ငါးဆယ်ကျပ်ချည်းပဲ၊ သည် တော့ ဟာဟာလို့ ရယ်ချင်တယ်၊ သိတယ်"

"မဟုတ်ဘူး မိကြည်၊ လောကအတွင်းမှာ ကိုယ်တစ်ယောက် တည်းနေတာ မဟုတ်ဘူး၊ အများနှင့်ပေါင်းသင်းဆက်ဆံနေရတော့ လူချင်းဘောင်ဝင်အောင် အချင်းချင်း ထောက်ပံ့ကူညီမှုဆိုတာ ကိုယ့်

mgyoe.com

mgyoe.com


အင်အားကိုကြည့်ပြီး ရှိမှ သူတော်ကောင်းသဘောထဲမှာပါတဲ့ စွန့်ကြဲပေးကမ်းခြင်းဆိုတဲ့ ဘောင်ဝင်တယ်။ လောကအား ထောက်ပံ့ခြင်း၊ သဘောရေးရပ်မှာပါတဲ့ မျှတခြင်းဆိုတဲ့ ဘောင် (ပေါင်) ဝင်တယ်၊ သို့မဟုတ် ငါ့ချည်းစား၊ ငါ့အတွက်ကောင်းဖြစ်မှာပေါ့..."

"မင်းစာတွေကိုဖတ်၊ စစ်ကိုင်းဘက်သွားပြီး သည်လိုစကားတွေကိုမပြောနဲ့၊ သိတယ်၊ ရပ်ရေးရပ်တာဆိုရင်လည်း လူ့ခေါင်းဆောင်များက ကိုင်း–ဒေါ်အေးအေးကဆိုရင်ပဲ၊ ဟော–တစ်နေ့က မူလတန်းကျောင်းဆောက်ဖို့မှာ တစ်ထောင်ကျပ်တဲ့"

"ကျုပ်က လွှတ်လိုက်တာ၊ ကျုပ်ရဲ့သဘောအရပါ"

"ဟာဟ.... မြင်းသွားတာကို ငါဇက်ကြိုးကိုင်ကောင်းလို့ မလုပ်ချင်စမ်းပါနှင့်၊ တစ်ဆိတ်ရှိဆို မိအေးအေးပဲ၊ ကိုယ်တို့အပေါ်မှာတောင် မိအေးအေးက အသားလုပ်ချင်နေတယ်၊ မြို့ကလည်း တအေးအေးနှင့် မပြောချင်ပါဘူး တကတဲ"

"မမိကြည်၊ သတိထားစကားဆိုမှပေါ့၊ ကျုပ်မှာ သူတစ်ခုတည်း ကိုယ်စားပြုဖို့ရှိတယ်၊ အိမ်မှာ အိမ်စိုးလင်မယားရှိပါရဲ့...၊ သူတို့က ဘယ်လိုမှပွဲထုတ်လို့မဝင်၊ အေးအေးကိုပဲ ပုံချတာပဲ၊ သည်လိုမှ အေးအေးကိုမလွှတ်ရရင် ဘယ်သူ့ကိုလွှတ်ရမလဲ"

"မမကြီးကြည်ကလည်း အဟုတ်သားပဲ၊ မမကြီးက ခုကတိယူလိုက်၊ မင်္ဂလာဆောင်၊ အလှူအတန်း၊ ရပ်ရေးရပ်တာ ကိစ္စရှိလို့ဖိတ်ရင် အစ်ကိုကြီးရဲ့ကိုယ်စား သွားပါမယ်လို့...."

"မိသီ... ညည်းလျှာမလှုပ်နဲ့၊ ငါဘာမို့ကြောင့် သူ့ကိုယ်စားသွားရမလဲ၊ သူ့ ဩဇာကိုခံပြီး အလုပ်လုပ်ရမှာလား...."

"ဒါဖြင့် မမကြီး သွားပြီး အစ်ကိုကြီးရဲ့စာရေး၊ (သို့မဟုတ်) အိမ်စိုးမလုပ်လေ...."

mgyoe.com

mgyoe.com


"မိသီ... ညည်းကို ငါက ဟောသည့်စာအုပ်နဲ့ပေါက်လိုက်မယ် တိတ်"

"ကိုင်း.... မိသီ..... စာမြွောင်ဘုရားလုပ်လိုက်"

ထိုသို့ပြောဆို၍ ဘတုတ်သည် ဒေါ်သိုင်းခြုံကို ကန်တော့ပြီးလျှင် ပြန်သွားလေ၏။ ဝတ္ထုကား မအူမလည်ဖြစ်နေသည်။ ဝတ္ထုကြောင်းကား အချုပ်အားဖြင့် ဤသို့တည်း။

မိကြည်တို့ညီအစ်မ သုံးယောက်တို့၏ အဖေသည် စစ်ကိုင်းက စ၍ ဂျပန်ကိုတော်လှန်ရာ တိုက်ပွဲတစ်ခုတွင် အရဲစွန့်များသွား၍ ကျလေသည်။ ထို့ကြောင့် ထိုတော်လှန်ရာတွင် ဦးပိုင်းကပါသော ဘတုတ်၏ မိဘများက ဒေါ်သိုင်းခြုံတို့၏ သားအမိလေးယောက်ကို မညှိုးငယ်ရအောင် ပြုစုစောင်မထားသည့်တွင် မိကြည်၊ မိရည်၊ မိသီ ညီအစ်မ သုံးယောက်ကို စာပေဆုံးခန်းတိုင်၊ ပေါက်မြောက်အောင် သင်ကြားဖို့ ငွေကိုလည်း ရံထားသည်။ ထိုသို့သောသဘောကြောင့် ညီအစ်မ သုံးယောက်လုံးသည် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှစ်ယောက်၊ သိပ္ပံဘွဲ့ တစ်ယောက်အဖြစ်တို့နှင့် ထွက်လာခဲ့ကြသည်။

၎င်းတို့သုံးယောက်လုံးပင် ဖ–ဆ–ပ–လ ခေတ်မှာ အစိုးရလခစား အလုပ်ကို လွယ်လင့်တကူနှင့် ရကြသည်။ ညီအစ်မသုံးယောက်လုံးပင် မိန်းမချောလုံးကြီးပေါက်လှ၊ အလှ၌ အပြစ်တင်စရာမရှိလောက်အောင်.. တင်၊ ရင်၊ အဆစ်၊ အမျက်တို့သည် ချောမောကာ မေထုန်သမားတို့ ခိုက်လောက်သည့်ပြင် နိုင်ငံရေးခေါင်းဆောင်တို့၏ အန်စာအဖြစ်နှင့် လည်း အသုံးချနိုင်လောက်သော ခေတ်မီအမျိုးသမီး ခေတ်ပညာတတ် များ ဖြစ်ကြပေသည်။ ၎င်းတို့အနက် ဘီအေ မိသီမှာ ဖြန်းဖြန်းကွဲအပြော အဆို၌ လည်ပတ်လေသည်။

ထိုသို့သော ဇာတ်ခုံတွင် လောက ကပွဲ၌ ဘတုတ်သည် ထိုညီအစ်မ

mgyoe.com

mgyoe.com


သုံးယောက်ကို အစိုးရလခစားပြုလုပ်ရန် လုံးဝသဘောမတူချေ။ ထို့ကြောင့် ဤသို့လည်း ပြောသည်။

ကျွန်တော်လည်း မမွေးသေး၍ မမီဘူးပေါ့၊ သို့သော် လူကြီးသူမများ၏ အစဉ်စကားအရ ဆိုရတော့မည်။ မြန်မာပြည်၌ အင်္ဂလိပ်များကြီးစိုးစဉ်အခါက ဒိုင်အာခီအုပ်ချုပ်ရေးစတင်လောက်စဉ်က အစပြု၍ မျိုးချစ်တကယ့်ပုဂ္ဂိုလ်ခေါင်းဆောင်တို့၏ထံမှ သခင်ပညာ၊ ကျွန်ပညာ ဟု စကားထွက်လာခဲ့ပြီးလျှင် ကျွန်ပညာ၊ ကျွန်စနစ်ဆိုသည်ကား လခစားလုပ်ရန် စာပေသင်ကြားခြင်းနှင့် တတ်မြောက်ခြင်းသာ ဖြစ်သည် ဟု အဓိပ္ပာယ်နက် ပေါ်ပေါက်လာချေသည်။

ထို့ကြောင့် အမျိုးသားကျောင်းများ မှိုပေါက်သလို ပေါ်ထွက်လာလေသည်။ သို့လင့်ကစား အမျိုးသားကျောင်းကထွက်သော ကျောင်းသားများသည်လည်း ကျွန်စနစ်ဆိုသော လခစားအလုပ်မှတစ်ပါး အခြားအလုပ်၊ ကြာညို့–ပဲငါးပိ ဟင်းချိုမှုန့်၊ ခဲတံ၊ ပေါင်ဒါမှုန့်၊ ရေမွှေး စသည်မျှလောက်ကိုပင် လုပ်ရန်အလုပ်ရုံမတည်ထောင်နိုင်ကြလေရကား အစိုးရလခစားမျှပင် လု၍ လုပ်ကြရသည်။ ဘယ်မလဲ သခင်နိုင်ငံတည်ထောင်ခြင်း။

ယခု ကျွန်တော်တို့တိုင်းပြည်သည် လွတ်လပ်ရေးရ၍ စာဆိုအားဖြင့် သခင်နိုင်ငံ (ဝါ) သခင်တိုင်းပြည်ဖြစ်လာပြီး လူမျိုးကား သခင်လူမျိုးဖြစ်လာပလား၊ သခင်လူမျိုးဆိုသော အဓိပ္ပာယ်နက်ကို သေချာစွာ စဉ်းစားပါ။

အမျိုးသားချင်းအား ဝမ်းဝအောင် အလုပ်မပေးနိုင်၊ လူနေအဆင့်အတန်းမြင့်လာအောင် မဆောင်ရွက်နိုင်ဘဲနှင့် မိမိဝမ်းစာအတွက် အလုပ်ပေးနိုင်သူ၊ ငွေပေးနိုင်သူများထံမှ လက်ဝါးဖြန့်ကာ တောင်းနေရပါလျက်၊ အမေရိကန်ပြန်၊ အင်္ဂလန်ပြန်၊ ဂျပန်ပြန်၊ ရုရှားပြန်၊ ဂျီဒီအာပြန်

mgyoe.com

mgyoe.com



ဒေါက်တာများ များနေရုံနှင့် သခင်လူမျိုးဖြစ်နိုင်ပါ့မလား စဉ်းစားကြဗျာ၊ အဲသည်တော့ မိမိတို့အတတ်ပညာ ဆည်းပူးခဲ့တဲ့ တက္ကသိုလ်ကျောင်းတိုက်ကို ချီးမြင့်သောအားဖြင့် မိမိသည် သခင် အလုပ်ကို လုပ်နေသူဟု စံပြစေလိုပါသည်။

"ခင်ဗျားတို့လခစားအလုပ်ကို လက်ဖြန့်တောင်းကာ အလုပ်လုပ်မယ်ဆိုကြပါရင် ကျွန်တော် ခင်ဗျားတို့ရဲ့ ရှေ့တော်မှောက်ထံလာ ပြီး အဆိပ်နှင့် ထမင်းကို ရောစပ်ကာ သေပြပါမယ်၊ ကျွန်တော်သေတဲ့နောက် ခင်ဗျားတို့ရဲ့သဘောပေါ့"

ထိုသို့ ဘတုတ်သည် မိကြည်တို့ထံတွင် ပြောဆိုသောကြောင့် မိကြည်နှင့် မိရည်သည် ကြာဆံစက်ကို ဘတုတ်၏အရင်းအနှီးပေးခြင်းဖြင့် တည်ထောင်၍ မိသီမှာ ကျောက်ဖရုံယိုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြရကား လူပေါင်းများစွာ မှီခိုရပြီးလျှင် မိမိ၏အလုပ်သမားများအား ခေတ်မီမီအဆင့်အတန်းကို မြှင့်တင်နေဘိသကဲ့သို့ ရှိနေကြလေသည်။

ထိုသို့သော ဘတုတ်သည် ၎င်း၏ တစ်ဧကခွဲရှိသောခြံ၌ အလုပ်သမား ငါးယောက်နှင့် ခေတ်မီမီခြံအလုပ်ကို လုပ်နေခြင်းကြောင့် စားရေးမတစ်ယောက်မအေးမိကို တစ်လနှစ်ရာနှင့် ငှားထားနိုင်သည်ဟု မြင်ကွင်းဖြစ်နေ၏။ ၎င်း၏ခြံမှ ရာသီလိုက် သီးနှံပင်တို့ အံ့မခန်းထွက်နေ၍ မြို့အား ဟင်းသီးဟင်းရွက် ပေါများစေသည့်ပြင် မှိုဖိုး၊ လေချူ သီးဖိုးများ၊ စပျစ်သီးဖိုးများတို့သည်ပင် လူတို့၏အာလယကို ဖြည့်နိုင်စေသကဲ့သို့ ရှိလေ၏။

တစ်နေ့သော် ဘတုတ်သည် ခြံထဲ၌ အလုပ်လုပ်ပြီး၍ နေ့လယ်စာ စားသောက်ပြီးသဖြင့် အရိပ်တစ်ခုတွင် ချမ်းမြေ့စွာ စာကြည့်နေသည်တွင် အလုပ်သမားတစ်ယောက်သည် ဧည့်သည်တစ်ယောက်ရောက်

mgyoe.com

mgyoe.com


လာကြောင်းကို လာရောက်ပြောဆို၍ မိမိ၏အိမ် ဧည့်ခန်းသို့သွားရောက်ရလေ၏။

"ဦးဘတုတ်ပါလား၊ အငယ်ပဲ ရှိပါသေးကလား"

"ဟုတ်ပါတယ်"

"ကျွန်တော့်အား ကယ်မပါခင်ဗျာ"

"ဘာကြောင့် ဘယ်လိုကယ်ရမှာလဲခင်ဗျာ"

"ကျွန်တော့်သမီးဟာ စကားလည်း မပြော၊ မျက်လုံးဝိုင်းပြီး တစ်ခါတစ်ခါ ပြူးတူးပြောင်တောင်နှင့်ကြည့်၊ အများအားဖြင့် မှိန်းနေပါတယ်"

"ကျွန်တော်ဟာ ဆေးဆရာမဟုတ်၊ ခြံအလုပ်သမားပါ၊ သည်လိုဟာကို ကျွန်တော် ဘယ်လိုကယ်ရမယ်လို့ ဘာသိမလဲ"

"ကျွန်တော် သတင်းကြားနဲ့လာရတာပါ"

"ဟာ... ကျွန်တော်နှင့်နာမည်တူပြီး လူမှားနေပြီထင်ပါတယ်"

"မမှားပါ၊ သေသေချာချာ ပြောလိုက်လို့ ကျွန်တော် အမြန်လာခဲ့ပါတယ်"

"ဘယ်လိုလူက ဘယ်လိုပြောလိုက်ပါလိမ့်မလဲ။ ခင်ဗျားအားလျော်စွာ ပြောလိုက်တယ် ထင်ပါတယ်"

"ကိုမျိုးဆွေကကို သေချာစွာ ပြောလိုက်ပါတယ်"

"တယ်နောက်တဲ့လူပဲ"

"ကျွန်တော့် သမီးကို ပရောဂနှောင့်ယှက်နေတယ် ထင်လို့ပါ"

"ကျွန်တော် ပယောဂကို ယုံကြည်တဲ့လူမဟုတ်၊ ဆေးဆရာလည်း မဟုတ်၊ မှော်ဆရာလည်း မဟုတ်၊ အင်းသမားလည်း မဟုတ်ပါ"

"လိုက်ကြည့်ရုံပဲ ကြည့်ပါခင်ဗျာ"

"သည်ကနေ့တော့ ကျွန်တော် မလိုက်နိုင်ပါ"

mgyoe.com

mgyoe.com



"နက်ဖြန်နံနက်စောစော ကျွန်တော်ကားနဲ့လာခေါ်ပါမယ်"

"ခု ခင်ဗျားဘယ်မှာတည်းနေပါသလဲ"

"ကျွန်တော် မြို့အုပ်ဦးဘသင်းအိမ်မှာ တည်းပါတယ်"

"ကောင်းပြီလေ၊ လိုက်သင့်ရင်လည်း လိုက်ရတာပေါ့"

"လိုက်သင့်တယ်၊ လိုက်တန်တယ်၊ လုပ်မနေပါနဲ့ခင်ဗျာ..."

ထိုအခိုက်အတန့်မှာပင် အေးမိသည် ဝင်လာ၍ ဤသို့ပြောတော့၏ ။

"အစ်ကိုကြီး လိုက်သွားပြီး သည်ဦးကြီးရဲ့သမီး စန်းစန်းကို ကယ်ပါ"

"နင်နဲ့သိသလား"

"သိပါတယ်... မြို့က အမေရိကန်မကြီးအုပ်ချုပ်တဲ့ အလွတ်ကျောင်းတစ်ကျောင်းမှာ ကျွန်မနှင့် ခုနစ်တန်းတွင် အတူသင်ခဲ့ပါတယ်"

"အင်း..."

"စန်းစန်းဟာ ဖော်ရွေပြီး လူနှင့်လူချင်းကို ဆိုရှယ်ဖြစ်အောင် ပေါင်းသင်းဆက်ဆံတတ်ပါတယ်၊ သီချင်းဆိုနဲ့ အကလည်း အင်မတန်ကောင်းပါတယ်"

"နင်... သည်ဦးကြီး ငါ့ထံလာတဲ့အကြောင်းကို ဘာကြောင့်သိသလဲ"

"မြို့အုပ်မင်းနဲ့ မနက်က တွေ့လို့ပါ"

"ဘာကြောင့်တွေ့သလဲ"

"ခြံထဲမှာ စပျစ်သီးခိုင်ရနိုင်သေးသလား လာမေးလို့ပါ"

"အင်း... အင်း... အင်း"

ထိုသူသည် ဘတုတ်ကို လေးမြတ်သမှုပြု၍ ပြန်သွားလေ၏။

ဘတုတ်သည်ကား အလဟဿအချိန်မဖြုန်းဘဲ အမြဲအလုပ်လုပ်

mgyoe.com

mgyoe.com


နေပုံရှိ၏။ ၎င်းသည် ညကိုးနာရီခွဲအထိ ၎င်း၏စားပွဲခန်း၌ စာကြည့်နေတတ်၏။ စာမကြည့်သော် စာရေးနေလေ၏။ ကိုးနာရီခွဲသောအခါ ဗောဓိပက္ခိယတရားကိုသုံးသပ်၍ မြတ်စွာဘုရား၏ဂုဏ်တော်ကို သရဇ္ဈာယ်ကာနေပြီးနောက် ဘုရားရှိခိုး၏။ ထို့နောက် မြတ်စွာဘုရားဂုဏ်တော်ကို အသံပြုပြီးနောက် ဆယ်ခေါက်ရွတ်ပြီးမှ အိပ်လေ့အိပ်ထများလေ၏။

ထိုဘတုတ်သည် နံနက်လင်းသော် စားပွဲခန်းမှ အချက်ပေးသံကြား၍ စားပွဲခန်းသို့ ဝင်ကာနေ၏။ အိမ်စိုးမလည်း နံနက်ကြီးစားသောက်စရာကို လာရောက်ပို့ရာ ဘတုတ်သည် ပြုံးသယောင်ပြု၏။

"မောင် ဘာပြုံးသလဲ"

"ကျွန်တော် ပြုံးသလား"

"ညကလည်း နာရီပြန်တစ်ချက်တီးပြီးမှ ဟာဟုဆိုကာ ရယ်သံကြား၍ ကိုထိပ်ဦးက မောင်မောင် ဘာဖြစ်သလဲဟု တက်မေးရတယ်"

"အစ်မ ကျွန်တော်ခရီးသွားစရာရှိတယ်၊ တစ်ညလောက်တော့ အိပ်ရမယ်ထင်တယ်၊ မောင်ဖုန်းနဲ့ ကျွန်တော့် အိပ်ရာလိပ်ကို ထည့်ပေးလိုက်ပါ၊ အသင့် မောင်ဖုန်းအား ပြင်ထားပါစေ"

အိမ်စိုးမလည်း အသင့်ဖြစ်စေရန် စီမံဖို့ထွက်သွားပြီး ခဏမှာပင် မြို့အုပ်ဦးဘသင်းနှင့် မနေ့ကလာရောက်သော ဧည့်သည်သည် ဂျစ်ကားတစ်စင်းနှင့် ရောက်လာ၏။

"ကိုင်း... ထိုင်ကြဗျား"

မြို့အုပ်ဦးဘသင်းနှင့် ဧည့်သည်သည် ထိုင်၍ အသင့်ကဲ့သို့ စီမံထားသော လက်ဖက်ရည်ပွဲကို သောက်စားနေစဉ် ဘတုတ်သည် ဤသို့စကားဆိုတော့၏။

"ဦးကြီးအား ကျွန်တော် မေးပါရစေ၊ ကျွန်တော်မေးတာကို ဦးကြီး

mgyoe.com

mgyoe.com


သဘောကျလျှင် ကျွန်တော်ဦးကြီးရဲ့နောက်သို့ လိုက်လို့အကျိုးရှိမရှိကို ဆုံးဖြတ်ရန်အကြောင်း ဖြစ်လာမှာပါ"

"မေးပါခင်ဗျာ"

"တိုင်းမင်းကြီးနှင့် သူတောင်းစားဟာ ဘယ်သူက မြင့်မြတ်ပါသလဲခင်ဗျာ"

မြို့အုပ်ဦးဘသင်းကား ၎င်း၏ခေါ်လာသော ဧည့်သည်ကို မှတ်ကရော့ကွယ်၊ သူ့ကိုဘတုတ်အကြောင်းကို မသိရှာပေသူမို့ ကြံကြံဖန်ဖန် ကိုဘတုတ်အား သူသမီးသူနာကို ပြလိုပေသည် အံ့သြပါရဲ့ဟု တွေးဆနေလေ၏။ ဧည့်သည်ဖြစ်သော ဦးထွန်းခိုင်ခေါ် ဆိုသူသည် တွေ၍စဉ်းစားသကဲ့သို့ ငေးကာနေ၏။

ဦးထွန်းခိုင်သည်ကား ပင်စင်စားရဲသားစာသင်ဖြစ်၍ ခေမည်မထင်။ ၎င်းသည် ရဲသားဘဝကလည်း ဝတ္ထုများ၊ နီတိပါသော ဆောင်းပါးများကို ဖတ်ဖူးပုံရ၏။ ပင်စင်ရသောအခါ၌ကား ၎င်းတို့မြို့ရှိ စာအုပ်တိုက်၌ စာအတော်ပင်ဖတ်သူဖြစ်၍ ခဏစဉ်းစားပြီးနောက် ကိုယ်ကျင့်တရားကောင်းသူက မြင့်မြတ်သည်ဟု ဆို၏။

ကိုင်းဗျာ... ခင်ဗျားထံလိုက်တော့မယ်ဟုဆို၍ အိမ်စိုးမအား မမ မောင်ဖုန်းကို ပြောလိုက်ပါတော့ဟု သွက်သွက်လက်လက်နှင့်ပင် ပြောလိုက်လေ၏။ မြို့အုပ်ဦးဘသင်းကား ဓွေနှင့်စောင်းပေါင်းမိသွားပြီဟု ယူဆလေ၏။

ဤနည်းဖြင့် ဘတုတ်သည် ၎င်း၏တပည့်မောင်ဖုန်းနှင့် ဦးထွန်းခိုင် လာခေါ်သော ကားကလေးနှင့် ပါသွားလေ၏။ ဦးထွန်းခိုင်လည်း တကယ့်လူဆိုရမလား၊ ငါးကြော်နေသူကိုတွေ့၍ ဩော်သလား စဉ်းစားစရာဖြစ်၏။ အသို့နည်း၊ ၎င်းတို့သည် ခရီးတစ်ဝက်စားခန်း၌ ထမင်းစားကြရာတွင် ကျွန်တော်လည်း အတော်ညစ်ညမ်းသူပါပဲဟု ဆို၏။

mgyoe.com

mgyoe.com


ဘတုတ်သည် ပြုံး၍ ကျွန်တော်ပင်စင်ယူ၍နေသောအခါ ယခု ကားပိုင်နှင့် နေနိုင်ခြင်းက သက်သေခံနေသဖြင့်ပါဟု ဆိုစကားကို မစဉ်းစား၊ အတော်ပင် သဘောကျသဟန် ဖြစ်နေပေတော့၏။

ဦးထွန်းခိုင်သည် မိမိ၏စကားကို ပြန်၍မပြောသော ဘတုတ်၏ အပေါ်၌ မည်သို့သဘောထားသည်မသိ။ ဤသို့ပြောပြန်၏။

"လမ်းသာလျှင် လောဘသားမို့ လိုက်မိတာပဲခင်ဗျာ၊ နောက်ဆုံးမှာတော့ မိုက်ရာကျတာပါပဲ၊ ဘာကြောင့်လဲဆိုတော့ သေတော့မိုက်ကိုပိုက်ပြီးသွားရလို့ပါ"

"ဟာဦးကြီးခိုင်...၊ ဒါဟာ အလင်းရောင်ရလို့ ကျွန်တော် သာဓုခေါ်ပါတယ်"

"ဘာကြောင့်လဲဗျာ"

"လူဆိုတာ မိမိရဲ့အမှားနှင့်အပြစ်ကို သိလို့ ဝန်ခံလျှင် ဘုရားနှင့်တွေ့ရတဲ့အခါ ဆုံးမခြင်းကို ခံထိုက်သည့်သူ ဖြစ်နိုင်တယ်ဗျ"

"ဝမ်းသာသဗျာ"

ထိုသို့ ပြောဆိုကြပြီးနောက် ခရီးဆက်လက်သွားကြ၍ ညနေစောင်း နှစ်နာရီခွဲအချိန်လောက်တွင် ဦးထွန်းခိုင်၏ အိမ်သို့ရောက်လေ၏။ ဦးထွန်းခိုင်၏အိမ်မှာ အလွန်ခေတ်မီသော အုတ်၊ တမံသလင်းခံ နှစ်ထပ်အိမ်ကြီးဖြစ်၏။ အိမ်ဝိုင်းမှာလည်း အလွန်ကျယ်၍ ခေတ်အလျောက် အသီးအပင်တို့နှင့် တင့်ပကာရှိ၍ ဤအိမ်ကား ရဲအမှုထမ်း ပင်စင်စား စာသင့်အိမ်ဆိုသော် ယုံနိုင်ဖွယ်ရာမရှိပေ။ သို့ရာတွင် ၎င်း၏ ကတော်သည် အလွန်လိမ္မာ၍ ခြယ်လှယ်တတ်သည်အတိုင်း ကုန်စိမ်းရောင်းချသောကြောင့်ဟု လက်ရာပေါ်နေလေ၏။ ဦးထွန်းခိုင်၏သား တစ်ယောက်မှာ ရဲဋ္ဌာနဝန်ကလေးဖြစ်၍ သားတစ်ယောက်မှာ အထက်တန်းကျောင်းဆရာဖြစ်၏။ ယခု နေမကောင်းနေသောသမီးမှာ ရုံးကြီး

mgyoe.com

mgyoe.com



တစ်ရုံးမှ အထက်တန်းစာရေးမဖြစ်၏။ ထိုအကြောင်းတို့ကို ဘတုတ်သည် စိုးစဉ်းမျှ သိပုံမရပေ။

ဘတုတ်သည် ဦးထွန်းခိုင်၏ အိမ်သို့ရောက်သော် အနားဖြေ၍ မနေဘဲ ချက်ချင်းလိုပင် လူနာကိုသွား၍ ကြည့်၏။ လူနာစန်းစန်းသည် သူ့ကိုလာကြည့်သော ဘတုတ်ကို ပြူးတူးကြောင်တောင်တောင်နှင့် မျက်တောင်မခတ်ဘဲ ကြည့်နေ၏။

ဘတုတ်သည် လူနာစန်းစန်းကို ခဏစိုက်ကြည့်ပြီးနောက် ဆရာဝန်များကဲ့သို့ နားကြပ်နှင့်နားမထောင်ဘဲ သူနာခန်းမှထွက်လာပြီးသော် ဧည့်ခန်း၌ ထိုင်နေလေ၏။ မောင်ဖုန်းလည်း ဧည့်ခန်း၌ပင် တပည့်ပါးညီညီသင့်တင့်ရာက ထိုင်နေ၏။ လက်ဖက်ရည်အချိုအခါးပွဲသည် မြိုင်မြိုင်ဆိုင်ဆိုင်နှင့်ရောက်လာ၏။ ဘတုတ်သည် မောင်ဖုန်းကို လာကွဲ့မောင်ဖုန်း၊ မင်းလက်ဖက်ရည်ကြိုက်တဲ့လူသောက်ပါ၊ ဆာလှ ရော့မယ်ဟု တပည့်ကို အသားပေးကာ ခေါ်လေ၏။

ထိုခဏမှာပင် မိန်းမတစ်ယောက် သုံးဆယ်ရွယ်လောက် လုံးကြီးပေါက်လှသည် ရောက်လာ၍ ဧည့်ခန်းမှာပင် ရဲရဲတင်းတင်းဝင်ထိုင်ကာ ဤသို့စကားစလေ၏။

"ဘယ့်နှယ်ဆရာ...."

"ကျွန်တော်က ခြံသမားမျှသာပါ..."

"ဆိုပါလေ...၊ ဒါပေ့ ဆရာခေါ်ရမှာပဲ"

"ဆရာလို့ခေါ်ရင် ကျွန်တော့်ကို အစ်မပဟာ ဆဲတာပါပဲ"

"ထင်ရှားထိုက်ပါတယ်၊ ဘယ့်နှယ်... ပြုစားတဲ့ စုန်းမကို သိပလား"

"အစ်မ စုန်းဆိုတာ ဘာလဲ၊ လောကမှာ စုန်းရယ်လို့ရှိသလား၊ အစ်မစုန်းကို မြင်ဖူးသလား"

mgyoe.com

mgyoe.com


"အဲတာ ခက်တာပဲ"

"ခက်တဲ့စကားကို အဓိပ္ပာယ်မသိဘဲနှင့် ဘာကြောင့်အရကျက်ထားသလဲ အစ်မရယ်"

"ဒါဖြင့် စုန်းဆိုတာ ဘာလဲ"

"ဟောဗျာ၊ ပြောတော့ အစ်မက ပြောတယ်၊ မေးတော့ ကျွန်တော့်ကို မေးတယ်၊ ခက်လှဘိတောင်း"

"သိရင် ကျွန်မတို့လည်း မှတ်သားရအောင် ပြပါရှင်"

"ကျွန်တော်မသိလို့ ကျွန်တော်မပြော၊ သို့သော် သံပဟုံးစုန်း၊ ဘက်မဲ့ကြိုးသား၊ အားလုံးထောင်ထား၊ မျိုးလေးပါးတို့၊ တက်ပွားစောင်မာန်၊ လွှားတံခွန်ကိုဟုတော့ ပညာရှိဆိုသူတို့ ပြောတာကိုတော့ ကြားဖူးတာပါပဲ"

"အမိန့်ရှိပါ"

"အစ်မ၊ စုန်းဆိုတာ တောက်ပခြင်းတဲ့၊ ဘယ်လိုတောက်ပခြင်းလဲဆိုရင် ငါပညာတတ်တယ်၊ ငါလှတယ်၊ ငါချမ်းသာတယ်၊ ငါဂုဏ်ကြီးတယ်၊ ငါ အဆင့်အတန်းမြင့်တယ်လို့ မာနတံခွန်ထူနေတာကို ခေါ်တယ်လို့ ကျွန်တော်ကဖြင့် ဆိုချင်တာပဲ"

"ဆိုပါ"

"အစ်မသဘော"

"ဒါဖြင့် မာနကြီးတဲ့လူတွေဟာ စုန်းတွေပေါ့"

"အစ်မယူဆချင်ရင် ယူဆလေ"

"စုန်းဖမ်းတယ်ဆိုတာကရော ဆရာရယ်"

"လာပြန်ပြီ၊ ခြိသမားပါဆိုမှပဲ"

"အမိန့်ရှိပါ ဦးခြိသမားရယ်၊ သို့သော်နော် ဦးခြိသမားတော့ မဖြစ်စေချင်ပါ"

mgyoe.com

mgyoe.com


"မာနကြီးတဲ့လူတွေဟာ မိမိကို မိမိက ပျက်စီးနစ်မွန်းအောင် ကြံဆောင်လုပ်ကိုင်နေတဲ့သူတွေ ခင်ဗျ၊ အဲသည်တော့ လူတစ်ယောက်ကို ဘယ်စုန်းကမှ မဖမ်းနိုင်၊ မိမိကိုမိမိက ဖမ်းလို့မိမိ၏ ဝိပါက အလျောက် ဖြစ်ရတတ်တယ်လို့ ယူဆချင်တာပါပဲ"

"ကောင်းပါပြီရှင်၊ စန်းစန်းရဲ့ ရောဂါဟာ ပျောက်ပါ့မလား"

"အဒေါ်တို့ကို အဒေါ်တို့ မဖမ်းစားရင် ပျောက်မှာပေါ့"

"ကျွန်တော်တို့ နားမလည်ပါခင်ဗျာ၊ မအေးချမ်း နားလည် သလား"

(မအေးချမ်းသည် လာရောက်ဝင်ထိုင်သော ထိုမြို့မှ ဒေါ်လှလှ နှင့် မနိုင်ရင်ကာ ဖြစ်၏)

"ဤမောင်ကပဲ ဆောင်ပါလိမ့်မယ်၊ တကယ့် သူတော်ကောင်း ပညာရှိရှင့် မအေးချမ်း"

"အစ်မဟာ တကယ်လန့်စရာကောင်းတယ်"

"အလိုလေး ကျွန်မက မောင့်ကိုကြောက်တာ"

"ခု မစန်းစန်းဟာ ရုံးက စာရေးမ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"သူ့လက်အောက်မှာ မင်းစေရှိရမယ်၊ အဲသည်မင်းစေကို ဆယ်တန်း ဝင်ဖို့ စာသင်ပေးရမယ်"

"ပေးပါတယ်"

"မစန်းစန်းဟာ ခေတ်အလျောက် ပေါင်းသင်းဆက်ဆံရေးမှာ အတော်ပင်ငံလို့ ဓာတ်ရှင်ခဏခဏသွားကြည့်၍ ကားလဲတိုင်း မလွတ် တမ်းလောက်ပင် ကြည့်တယ်မဟုတ်လား"

"ဆိုပါတော့"

"သည်အခါ မစန်းစန်းရဲ့တပည့် အဲသည် မင်းစေကလေးဟာ

mgyoe.com

mgyoe.com


အမြဲ အပါးတော်မြဲအဖြစ်နှင့် ပါရတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ခု မစန်းစန်းနေမကောင်းတာကို အဲသည် မင်းစေမောင်လာရောက် ပြုစုရင်ရောဂါဟာ ချက်ချင်းဆိုသလို ယူပစ်သလို ပျောက်မှာပဲ၊ အဒေါ်တို့က သည်လိုပြုစုဖို့ကို အခွင့်ပြုနိုင်မလား"

"ဒါကြောင့် မောင့်ကို ပညာရှိသူတော်ကောင်းလို့ဆိုတာ၊ မောင့်ကို တမင်သက်သက် ဝက်သားဟင်းစားရအောင် မြှောက်တာ မဟုတ်ပါ"

(ဆို၍ ထိုမိန်းမသည် အပြုံးကြီးပြုံးကာ လက်ခုပ်လက်ဝါးတီးလေတော့၏)

ဦးထွန်းခိုင်သည် စိတ်မြန် ကိုယ်မြန်သူတစ်ယောက်ဖြစ်သည့်အတိုင်း ချက်ချင်းပင် ၎င်း၏ကားသမားကို ရုံးအုပ်ထံလွှတ်၍ မင်းစေခင်မောင်ဆင့်ကို အခွင့်ငါးရက်ပေးပြီးလျှင် ယခုပင်ပို့လိုက်ရန် စာရေးလိုက်လေ၏။ ဦးထွန်းခိုင်သည်ကား ထိုမြို့တွင် အတော်ပင်အရာရောက်သည့် ဖ ဆ ပ လ အတွင်းရေးမှူးဖြစ်၏။

ဘတုတ်၊ လှလှတို့သည် ဧည့်ခန်းတွင် စကားပြောကာပင်နေ၍ လှလှမိန်းမလည်ကြီးသည် ဤသို့ စကားတောက်လေ၏။

"မောင်ရယ်၊ လူမှာ စိတ်ဟာ ဘယ်နေရာမှာတည်ပါသလဲ"

"ကျွန်တော့်အယူအဆပေါ့ခင်ဗျာ၊ အာရုံငါးပါးတွင် တစ်ပါးပါးသောအာရုံကြောင့် ဘဝင်ကျလာသောအခါ စိတ်ဟူ၍ဖြစ်ပေါ်လာပါတယ်၊ ထိုစိတ်မှ သဘောတည်ရာဖြစ်လာပါတယ်၊ လူသေကောင်ဆိုတဲ့ မြူကောင်မှာ ဘဝင်မကျနိုင်သဖြင့် သဘောတည်ရာမရှိပါ၊ ထိုသဘောတည်ရာကို စိတ်ဟု ဆိုချင်ပါတယ်၊ စိတ်သည် အခြားအာရုံ ငါးပါးတို့ကဲ့သို့ ဝတ္ထုမဟုတ်ပါ"

"ဘယ့်နှယ် ဦးလေးထွန်း"

mgyoe.com

mgyoe.com


"ကျွန်တော် သဘောကျတယ်ဗျာ၊ သို့သော် ဘဝင်ဆိုတာကို မသဲကွဲပါ"

"အော်... သည်လိုလား၊ ဘဝင်ဆိုတာ ဘဝ၏အစိတ်အပိုင်း အင်္ဂါတစ်ခုပါ၊ ဘဝဆိုတာ ဖြစ်ခြင်းပါ"

"ကျေနပ်ပြီ"

"မောင် အသက်ဆိုတာရော"

"ဘယ့်နှယ်အစ်မ၊ ကျွန်တော့်ကိုမေးနေပါသလဲ၊ ကျွန်တော်ဟာ ကျမ်းဂန်စာတတ်မဟုတ်ပါ၊ ဓမ္မကထိကဆိုတဲ့ တရားဟောဆရာလည်း မဟုတ်ပါ"

"မောင် ဘီအက်စီဆိုတာကို သိပါတယ်"

"ကျွန်တော်တို့ သိပ္ပံသမားဟာ ဗုဒ္ဓကျမ်းစာကို မလေ့ကျက်ခဲ့ရပါဘူး"

"မောင့်အယူအဆပါ"

"အစ်မ၊ လူဟူ၍ မရှိ၊ သတ္တဝါဟူ၍မရှိ၊ မိန်းမယောကျ်ား၊ နတ်၊ ဗြဟ္မာ၊ ငရဲဟူ၍မရှိ၊ ဒါတွေဟာ ပညတ်တွေ။ ဘာရှိသလဲ၊ သဘောဓာတ် "ဓမ္မဓာတု" သာရှိပါတယ်၊ ဒါဟာ အစစ်သဘောပါ၊ ဘယ်လို သဘောဓာတ်လဲဆိုလျှင် အကျင့်ကြောင့်အကြောင်း၊ အကြောင်းကြောင့် အကျိုး၊ သည်အကျိုးကြောင့် ရုပ်နာမ် (ဝါ) ခန္ဓာငါးရုပ်တွင် သဘောဓာတ်တည်ပြီးသော် သတ္တဝါသဘောဓာတ်၊ တိရစ္ဆာန်သဘောဓာတ်၊ လူ့သဘောဓာတ်၊ ယောကျ်ားသဘောဓာတ်၊ မိန်းမ သဘောဓာတ်၊ နတ်ဗြဟ္မာ၊ ပြိတ္တာ၊ ငရဲ သဘောဓာတ်သာဖြစ်ပါတယ်။ စင်စစ် ဓာတ်ကောင်တွေပါ၊ ဓာတ်ဟာ လောကကို တည်နေစေပါတယ်၊ ဒါကြောင့် သဘော ဓာတ်အတိုင်း ဖြစ်နေလို့ သဘောဓာတ်သာရှိပါတယ်"

"အင်း... အင်း"

mgyoe.com

mgyoe.com



"သည်သဘောစေတတ်ဟာလည်း မျက်စိ အသိစေတ်၊ နားအသိစေတ် စတဲ့ ငါးရပ်သော အသိစေတ်တို့ကြောင့် စိတ်အသိစေတ်ဖြင့် ထိုအသိစေတ်အားဖြင့် သတ္တဝါအသီးသီးတို့ဟာ အလင်းရောင်မဟပ်မိလျှင် ကိုယ့်သဘောကိုယ်ဆောင်ပြီး ရေစုန်မှာ အမှိုက်မျောသလို မျောနေတော့တာ ပါပဲ၊ သည်တော့ အသက်ဆိုတာဟာ ဘယ်မှာရှိမလဲ၊ ခန္ဓငါးပါး (ဝါ) ရုပ်နာမ်သဘောတို့ဟာ သဘောစေတ်အရ အလုပ်လုပ်နေခြင်း မျှသာပါ၊ ဘယ့်နှယ်အစ်မ"

"သိပ်နက်တယ်နော် ကိုထွန်း"

"နက်ပါသော်ကော ခင်ဗျာ"

ထိုခဏ၌ ခင်မောင်ဆင့်သည် ရောက်လာ၏။ ခင်မောင်ဆင့်ကား ပုကွကွ ဝဝ ညိုတုတ်ဖြစ်၏။ (လူချောပါပဲ) ဦးထွန်းခိုင်သည် ဤသို့ တရားဟောပြောတော့၏။ "မင်းမမ... မစားနိုင်၊ မသောက်နိုင်၊ အိပ်ရာထက်မှာလဲပြီး ကြောင်နားညည်း ညည်းနေတာ တစ်ဆယ့်နှစ်ရက်လောက်ရှိပြီ၊ ဘာအစာကိုမှ အစားမဝင်၊ မင်းနေနိုင်လိုက်တာ၊ မင်းသွားပြီးကြည့်၊ တစ်လှည့်ပြုစုစမ်းကွယ်၊ ငါတို့တော့ ပန်းလှပြီ"

"ဟုတ်ကဲ့"

ခင်မောင်ဆင့်သည် စန်းစန်းထံသို့ ခပ်ရွှ့ရွှ့နှင့်ပင် ဝင်သွား၍ မမ ဘယ်လိုနေသလဲဟု မေး၏။ စန်းစန်းကား ညာဘက်လက်ကိုထုတ်၍ လှမ်းတော့၏။ ခင်မောင်ဆင့်သည် လက်ကိုဆုပ်ကိုင်စမ်းသပ်ပြီးသော် "ဟာ ဟာ မမ ဘာရောဂါမှမရှိ ပျောက်ပြီ၊ ရောဂါပျောက်သွားပြီ" ဟု ဆို၏။ (ခင်မောင်ဆင့်သည် နားကြပ်ကြီးတကားကားနှင့် နားထောင်သော ဆေးဆရာဝန်ထက် သာသလော)

"ငါကွယ် ဖက်ထုပ်သောက်ချင်တယ်၊ ဝက်နံကင်လည်း စားချင်တယ်"

mgyoe.com

mgyoe.com


"ဟုတ်ကဲ့"

ခင်မောင်ဆင့်သည် စန်းစန်း၏အခန်းမှထွက်ခဲ့၍ ဘဘကြီး၊ မမက ဖက်ထုပ်သောက်ချင်သတဲ့၊ ဝက်နံကင်လည်း စားချင်သတဲ့။

မအေးချမ်းသည် ခင်မောင်ဆင့်အား ငါးကျပ်တန် ငွေစက္ကူတစ်ချပ် ထုတ်ပေးလိုက်၍ ခင်မောင်ဆင့်သည် ကားမောင်းသမားကိုခေါ်၍ ကားနှင့် ဆိုင်သို့သွားလေ၏။

ခင်မောင်ဆင့်သည် ဝက်နံကင်နှင့် ဖက်ထုပ်ကိုဝယ်၍ ပြန်လာ၏။ ပိုငွေကို မအေးချမ်းအား ပေး၍ ခင်မောင်ဆင့်သည် စန်းစန်းအား ဖက်ထုပ်ကို ကျွေး၏။ ဝက်နံကင်ကို ညနေစာအဖြစ် ချန်ထားလေ၏။

ဒေါ်လှလှသည် ဘတုတ်တို့နှင့် မအေးချမ်း၊ ဦးထွန်းခိုင်တို့၏ အိမ်တွင်ပင် ညစာကို စား၍ ဘတုတ်ကို ခေါ်သွားလေ၏။ ဒေါ်လှလှသည် ဘတုတ်ကို ၎င်း၏အိမ်၌ အကျဉ်းချုပ်၏။ ဘတုတ်ထံ ဒေါ်လှလှ၏အစာဝင်တော့မည်လား၊ မိန်းမတို့၏လိုအင်ဆန္ဒမှ လွတ်နိုင်ပါ့မလား။ ဒေါ်လှလှကပင် စတင်၍ စကားခင်း၏။

"ကျွန်မတို့ လေးနားနော်၊ ဘွင်းဘွင်းပဲ ပြောပါ"

"ဟုတ်တယ်... သူစာရေးမလုပ်တာကို ကျွန်တော်သိရတဲ့အပြင် ခေတ်ဆိုရှယ်သဘောနှင့် အပေါင်းအသင်းဆံ့မှန်းကိုလည်း သိရတယ်၊ ကျောင်းမှာတုန်းက အက အဆို ကောင်းကြောင်းကိုလည်း သိရတယ်"

"ဟုတ်တယ်"

"သူဟာ စာရေးမလုပ်တော့ ခတ်ရှင်ခဏခဏကြည့်မှာကို သိပါတယ်၊ အဲသည်လို ကြည့်တဲ့အခါ သူ့လက်သုံးမင်းစေကို လူယုံလုပ်ပြီး အိမ်သို့ ညမှာပို့စေပါတယ်"

"ဟုတ်ပြီ၊ မင်းစေ ခင်မောင်ဆင့်ဟာ ရိုးသားတဲ့အပြင် သူ့တပည့်၊ သူစာသင်ပေးလို့ ယခုနှစ်ဆယ်တန်းဝင်ထားတယ်၊ လူပုံကတော့ မောင်

mgyoe.com

mgyoe.com


မြင်တဲ့အတိုင်း ပစ်တိုင်းထောင်ရုပ်လိုပဲ၊ အဲသည်တော့ သူ့မိဘရော ကျွန်မတို့ပါ စိတ်ချပါတယ်"

"အစ်မ ဓာတ်ရှင်ကြည့်ဖူးပါသလား"

"ကြည့်ဖူးပါတယ်"

"ဓာတ်ရှင်ဟာ ကာမဓာတ်ကို အားပေးတယ် မပေး၊ အစ်မ သိမှာ ပဲ"

"သိပါတယ်"

"ခင်မောင်ဆင့်ရဲ့ ပုံပန်းကို အကဲခတ်ရတော့ ဝတ္တုရားကို သိတတ် တဲ့လူရိုး၊ သူဟာ ဒီနှစ်ဆယ်တန်းဝင်ထားရင် အောင်ဖို့ဘက်ကများ ပါတယ်"

"စန်းစန်းကတော့ ခင်မောင်ဆင့်ဟာ သူ့အလိုကျ ဘာမဆိုဆောင် ရွက်ပေးတော့ ခင်မောင်ဆင့်ကို အတော်ပင် ယုံကြည်အားထားပြီး သဘောကျ ကျေနပ်မိနေရမယ်"

"အင်း..."

"တစ်နေ့တော့ နိုင်ငံခြားကလာတဲ့ ဓာတ်ရှင်က စန်းစန်းကို အတော်ပင် ဆူပေးလိုက်တယ်၊ ဒါနှင့် ဓာတ်ရှင်ကအပြန်မှာ လိုက်အပို့ ခိုင်းရင်း စန်းစန်းဟာ ခင်မောင်ဆင့်ကို သူ့အလိုလိုက်ပါရန် သဘော သွေးသော်လည်း ခင်မောင်ဆင့်က ရိုးအပြီး သစ္စာရှိနေသေးလို့မပါ"

"အင်း..."

"သည်တော့ စန်းစန်းဟာ သူ့စိတ်ထဲမှာ ဝင်အောင်းပြီးဘဝင်ခိုက် ကာ စိုက်နေတဲ့ ခင်မောင်ဆင့်အပေါ် အားမရဘဲ ဘယ်လိုအလိုပြည့် အောင်ကြံဆောင်ရမယ်ကိုသာ စိတ်ကူးနေတယ်၊ ဘယ်လောက် သည် စိတ်ဝင်လာပြီး ဖောက်ပြန်လာရင် ဆိုးသလဲဆို အလုပ်ကိုပင် မှားယွင်း စေတယ်"

mgyoe.com

mgyoe.com


"ဟုတ်ပြီ"

"ဒါနှင့် တစ်နေ့မှာ ဓာတ်ရှင်ကအပြန် စန်းစန်းဟာ ခင်မောင်ဆင့်ကို သူ့အိမ်အောက်ထပ်ခေါ်... ကိုင်းအစ်မထင်သလိုပဲ... ခင်မောင်ဆင့်ကိုခေါ်ပြီး မေးကြည့်၊ ငိုပြီးတောင် ခင်မောင်ဆင့်ဟာ တောင်းပန်ရမယ်"

"အင်း..."

"ဒါနှင့် စန်းစန်းမှာ ဈေးဦးပေါက်သွားကာ ထပ်တလဲလဲနှင့်နေတော့ အလွန်ပျော်၊ အလွန်မြူး ထူးသောအရသာကောင်းနှင့် စည်းစိမ်ရှင်ဖြစ်နေတာပေါ့၊ အလုပ်အကိုင်မှာပင် ပိုပြီး သွက်လက်ကာ ကောင်းမွန်လာရမယ်ခင်ဗျာ"

"အင်း..."

"ကပွဲဆိုတာ အပျော်ကြီးမဟုတ် အလွမ်းအဆွေးလည်းပါ၊ နတ်မ၊ သကြားမ စသည်ဖြင့် မစ တဲ့သူလည်းပါပေါ့၊ ကျွန်တော်တို့ဗမာ့ဓာတ်သဘင်ဟာ လောက၏အဖြစ်အပျက်ကို သရုပ်ဖော်ပေးနေပါတယ်"

"အင်း..."

"ခင်မောင်ဆင့်က ကြောက်လာရမယ်"

"အလို... ဆန်းပါဘိ"

"မဆန်းဘူးအစ်မ၊ ဒါဟာ သင်ခန်းစာလက်ရိုး၊ စန်းစန်းရဲ့အဖေ ဦးထွန်းခိုင်ဟာ ဖ ဆ ပ လ အတွင်းရေးမှူး၊ သူဟာ ခေါင်းဆောင်ကြီးများ သဘောကျအောင်၊ အလိုကျအောင် လူပေါင်းများစွာကို ဖယ်ရှင်းလာခဲ့တဲ့လူ"

"ဒါတွေကိုတောင် မောင် သိတာကိုး"

"သတင်းစာဆိုတာ လောကဗျူဟာထဲမှာ ပါပါတယ်"

"အင်း..."

"သည်တော့ ခင်မောင်ဆင့် ကြောက်ပြီ၊ ဦးထွန်းခိုင်သိရင် ငါ့ချော

mgyoe.com

mgyoe.com


တော့မယ်လို့ ယူဆလာပြီ၊ ဒါနှင့် ခင်မောင်ဆင့်ဟာ စန်းစန်း မသိရအောင် ခွင့်သုံးလယူပြီး ရှောင်နေတာပေါ့။ ကိုင်း စန်းစန်းကို ထိပြီ၊ စန်းစန်း မနေနိုင်မထိုင်နိုင်၊ စားမဝင်သောက်မရနှင့် ယခုလိုထိတာပဲ၊ မိန်းမတို့မှာ သည်ရောဂါဟာ အင်မတန်ဆိုးတယ်"

"ကျွန်မလည်း မိန်းမပဲ၊ မိန်းမမှာ သည်လိုကြောင့် သည်လိုတွေ့ရတယ်ဆိုတာ အခက်သားကလား"

"အစ်မက ရိပ်သာသွားပြီး တရားရှာမှီးနေတယ်ဆိုတဲ့ အပျိုကြီးပါကလား၊ အစ်မနှင့်နှိုင်းစာလို့ ဘယ်ဖြစ်မလဲ"

"ကျွန်မဟာ တရားရှာမှီးတဲ့ ပြယုဂ်ဖြစ်နေပေမဲ့ စုန်းမဖြစ်နေတယ်၊ ဦးဘမြို့ရဲ့သမီး မြင့်မြင့်ကို ပြုစားတာဟာ ကျွန်မပဲ"

"အစ်မ တရားရှာနေသူဟု ခေတ်သစ်သဘောဖြစ်နေလို့ စုန်းမခေတ်သဘောဖြစ်နေတာပေါ့"

"ဟာ..."

"မဟာနှင့်လေ..."

"ကိုင်း... ငို့ကာကို လုပ်မောင်..."

"အစ်မဟာ အစ်မရဲ့ နည်းပြဆရာ သွန်သင်ချက်အရ တစ်ခုခုသော ကမ္မဋ္ဌာန်းကို ဝိရိယရှိရှိ ဇွဲရှိရှိနှင့် ကြိုးစားတော့ အကြားအမြင်ပေါက်လာတယ်လို့ ကမ္မဋ္ဌာန်းဆရာက ယုံကြည်တယ်၊ အစ်မကိုယ်လည်း အစ်မ ထင်တယ်"

"အင်း..."

"ဘာကြောင့်လဲဆိုတော့... အစ်မတို့ရိပ်သာကို အလှူအတန်းပြုဖို့လာကြတော့မယ်ဆိုရင် အစ်မက အရင်တင်ကြိုပြီး ပြောထားပြီ၊ ဘယ်အရပ်မှာ ဘာဖြစ်မယ်ဆိုတာကို အစ်မက တင်ကြိုပြီးပြောထားပြီ၊ အစ်မပြောတဲ့အတိုင်း မှန်နေပြီ၊ အဲသည်တော့ အစ်မကို အစ်မက အကြားအမြင်

mgyoe.com

mgyoe.com


ပေါက်ပြီလို့ ယူဆတယ်၊ အဲသည်လိုဟာကို အစ်မ ဝမ်းသာပြီး တုန်လှုပ်တယ်၊ တုန်လှုပ်တယ်ဆိုတာ သဘောကျတယ်၊ ပြီးတော့ အင်း... ငါဟာ အကြားအမြင်ကိုပင် ရတယ်လို့ တက်ကြွလာတယ်၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"အဲသည်တော့ ဒါကို အစ်မ အလိုရှိတယ်၊ သည့်ထက်ပေါက်မြောက်ခြင်းကို အလိုရှိလို့ အစ်မ ကြိုးစားတယ်"

"ဟုတ်ပါတယ်"

"ဘာကိုမဆို အလိုရှိလျှင် အလိုရှိတာပဲ၊ ဒါဟာ အလိုရမ္မက်၊ တရားသမားစကားနှင့်ဆိုရင် "လောဘ" တဲ့၊ လောဘသည် ညစ်ညမ်းသည့် အကုသိုလ်စိတ်"

"အင်း သိပ်စိပ်တာပါကလား"

"သည်လို ရမိပိုက်မိခြင်းကို သည်းမခံဘဲ ဝမ်းသာမှုသည် တုန်လှုပ်ခြင်း၊ တုန်လှုပ်ခြင်းသည် ညစ်ပုပ်သည့် ဒေါသ၊ ဒေါသသည် အကုသိုလ်စိတ်"

"ဟင်း..."

"သည်လိုရမိခြင်းကြောင့် ငါဟာ အာဂငါ၊ သူများထက်သာတယ်လို့ ဝင်စားခြင်းဟာ တက်ကြွထောင်လွှားခြင်းပဲ၊ တက်ကြွထောင်လွှားခြင်းသည် ယုတ်နိမ့်ခြင်းကို ဖြစ်စေတတ်တဲ့ မာနတဲ့၊ အဲသည် မာနဟာ အကုသိုလ်စိတ်၊ ဟုတ်လားခင်ဗျာ..."

"အင်း..."

"အစ်မဟာ အစ်မ လုပ်ငန်းကို အစ်မကြိုးစားအားထုတ်ပြီး ဝင်စားတယ် (ဝါ) အလိုရှိလို့ လုံ့လထုတ်ပြီး ဆောက်တည်တယ်၊ ဒါဟာ လောဘ၊ ဆောက်တည်တဲ့အတိုင်း အစ်မမှာ ရရှိလာတယ်၊ အစ်မဟာ နှီး၊ ခေါက်ပြား၊ ကြိုးကို မြွေဖြစ်စေလို့ ကြံစည်၊ ဟော... ဖြစ်တာပဲ၊

mgyoe.com

mgyoe.com



သည် ကြောင်ဟာ သိပ်ရှုပ်တယ်၊ သူခိုး၊ မမြင်ချင်ပါဘူးလို့ ဥပါဒ်ရင် ကြောင်ဟာ ပျောက်ရင်ပျောက်၊ မပျောက်ရင် သေသွားသည်အထိ ဖြစ်လာတယ်"

"သည်လိုတန်ခိုးကို အစ်မ အလိုရှိနေတယ်၊ ဒါဟာ အလိုရမ္မက်ဖြစ်လို့ လောဘ၊ ဒါကို သည်းမခံဘဲ သဘောကျသာယာလို့ နှစ်မွေ့နေလျှင် ဒေါသ၊ သည်လိုဖြစ်မြောက်လို့ ငါအာဂဟု စွဲလမ်းနေလျှင် မာန၊ ဒါကြောင့် အစ်မရတဲ့တန်ခိုးမှာ လောဘ၊ ဒေါသ၊ မာန 'အလိုရမ္မက်၊ တုန်လှုပ်မှု၊ ထောင်လွှားမှု' တို့ဦးဆောင်နေတယ်"

"မြင်ပြီ"

"အစ်မဟာ မြင့်မြင့်က မာနတစ်ခွဲနှင့်အစ်မ ဆစ်ထားတဲ့ လုံကွင်းကိုဝယ်သွားတော့ အစ်မကလည်း မာနတစ်တင်းနှင့် မိုက်ရူးခြင်းကဲပါဘိ၊ ဘယ်လောက်ရူးဦးမလဲဟု အောက်မေ့တော့ ဟော မြင့်မြင့်ရူးရတယ်၊ အရပ်ထဲမှာ အရက်မူးပြီး ဆူကြတာတွေကို ကြားရတော့ မြင့်မြင့်အပေါ်မှာ ငြိုငြင်မိသလို သဘာဝပဲဟု လျစ်လျူမရှုဘဲ သည်လောက်တောင် အရပ်ထဲမှာ ဘယ်သူ့ကိုမှ ပမာမခန့်ရမ်းလှပါကလားဟု ငြိုငြင်မှုဖြစ်တော့ တစ်ပြုံတစ်ခေါင်းကြီးဘေးတွေ့ကုန်ပြီ၊ အစ်မထံလာတောင်းပန်တော့ တွေ့ရတဲ့ဘေးက လွတ်ကြပြီ..."

"ဒါဖြင့် တရားရှာတာ ဘာလဲမောင်၊ တရားရှင် ဘယ်လိုလဲ"

"တရားရှင်ကြီး အစစ်ဟာ ညစ်နွမ်းခြင်းကုန်ခန်းတဲ့ ပုဂ္ဂိုလ်မြတ်များပါ၊ သည်ပုဂ္ဂိုလ်များမှာ အလိုရမ္မက်၊ တုန်လှုပ်မှု၊ ထောင်လွှားတက်ကြွမှု လုံးလုံးမရှိပါ"

"အင်း... အဟုတ်သားကပဲ"

"အဲသည်တော့ အလိုရှိမှုကို တင်းတိမ်နိုင်သမျှ တင်းတိမ်ခြင်း၊ တုန်လှုပ်မှုကို သည်းခံနိုင်သမျှသည်းခံခြင်း၊ မိမိကိုယ်မိမိ နှိမ်ချနိုင်သမျှ

mgyoe.com

mgyoe.com



နှိမ်ချခြင်းတို့ဟာ တရားရှာနေခြင်းပါ။ တင်းတိမ်နိုင်သည်လောက်၊ သည်းခံနိုင်သလောက်၊ မိမိကိုယ်မိမိက နှိမ့်ချနိုင်သလောက် တရားရှိပါတယ်"

"ဒါဖြင့် မောင်ရယ်...၊ အစ်မတို့လို စိတ်ကိုပိုင်နိုင်ပြီး တည်ကြည်အောင် ပြုလုပ်ဖို့ မလိုဘူးပေါ့"

"ဟာ... လိုသပေါ့ အစ်မကလည်း"

"ဘာကြောင့် ဘယ်လိုလဲ"

"တစ်ခုခုသော ကမ္မဋ္ဌာန်းကို ဝင်စားနေမယ်၊ ပုတီးစိပ်နေမယ်၊ ဘုရားရှိခိုးနေမယ်ဆိုရင် ငြိမ်းအေးရာလမ်းကို တားဆီးနှောင့်ယှက်ခြင်းဖြစ်သည့် ရတနာသုံးပါး၌ ယုံမှားမှုရှိနေမှုကို ထိုသို့ပြုလုပ်နေစဉ်တွင် ပယ်ထားခြင်း၊ ကာမဂုဏ်၌ အလိုရှိမှုကို ပယ်ထားခြင်း၊ သူတစ်ပါးအပေါ် မနာလိုခြင်း၊ ဝန်တိုခြင်း၊ ပိတ်ပင်ခြင်း ငြူစူခြင်းတို့အပါအဝင် သူတစ်ပါးစည်းစိမ်ကို ပျက်စီးအောင်ကြံခြင်း၊ လုခြင်းကို ပယ်ထားခြင်း၊ ငိုက်မျဉ်းအိပ်ချင်မှုတို့ကို ပယ်ထားခြင်း၊ စိတ်လွင့်ခြင်း၊ ပူပန်ခြင်းတို့ကို ပယ်ထားခြင်း၊ အမှောင်မှုပယ်နေခြင်းတို့ဖြစ်နေလို့ အင်မတန်ကြီးမြတ်တဲ့သဘော ဖြစ်နေပါတယ်၊ ဒါကြောင့် တစ်ခုခုသော ကမ္မဋ္ဌာန်းကို ထိုင်ခြင်း၊ ပုတီးစိပ်နေခြင်း၊ ဘုရားရှိခိုးခြင်းစသည်တို့ကို ပြုထိုက်ပါတယ်"

"ဝမ်းသာတယ် မောင်ရယ်၊ ကျွန်မတော့ စုန်းဘဝမှလွတ်ပြီ၊ တောက်ပမှုတန်ခိုးရှိမှုကို မလို၊ ညစ်နွမ်းမှုကင်းစင်ရအောင် ကောင်းသော သဘောဓာတ်အားရှိအောင်သာ ဆောက်တည်ရတော့မှာပဲ"

"ဝမ်းသာပါတယ်၊ ယခု ကျွန်တော်ရောက်လာခြင်းနှင့်ပတ်သက်၍ စန်းစန်း စိတ်နှလုံးချမ်းသာရရန် အစ်မပဲ စန်းစန်းရဲ့မိဘတို့ကို သွန်သင်ပေးတော်မူပါ"

mgyoe.com

mgyoe.com


"သည်တာဝန်ကို ယူပါတယ်"

"သို့သော် နော်"

"ဆိုပါ၊ ဘာသို့သော်လဲ"

"ကျွန်တော်ကတော့ ဘွင်းဘွင်းတိုက်ရိုက်ပဲ။ စကားကို ယဉ်ကျေးဖွယ်ရာ နူးနူးညံ့ညံ့မတတ်၊ စာလည်းမတတ်၊ ချေချေငံငံလည်းမတတ်တော့ အစ်မ သည်းခံပြီး စကားအကူးအယှက် ပြုမယ်ဆိုမှ ပြောဝံ့ပါမယ်"

"အစ်မမောင် သဘောရှိသလိုပြော"

"ညစ်နွမ်းခြင်းမကင်းသေးသော သတ္တဝါမှန်သမျှမှာ ဗြဟ္မာအထိ မေထုန်ဓာတ်ဟာ မကင်းသေးဘဲ ရုပ်နာမ်တွင် ကိန်းအောင်းကာဝပ်နေပါတယ်"

"အင်း..."

"သည်တော့ လူများဟာ အပေါင်းအသင်းနှင့် သွားလာနေထိုင်ရာဝယ် ကြက်ဖကြီးနှင့် ကြက်မပြူးထူးတာကိုတွေ့ရင် မကြည့်ချင်သလိုနှင့် လှီးလွှဲနေတတ်ပါတယ်၊ မောင်းရင်လည်း ပစ်တတ်ပါတယ်၊ ဒါပေမဲ့ တစ်ယောက်တည်း မိမိတစ်ကိုယ်တည်းရှိနေတဲ့အခါ သေသေချာချာ ကြည့်နေတတ်ပါတယ်"

"ဆို..."

"လိုရင်းရောက်အောင် ခြုံပြီးပြောရပါရင် ကန်တော့ပါ၊ ခွေးနှစ်ကောင်မတော်မလျော်ကို လမ်းပေါ်မှာ လူများနှင့် လမ်းသွားရင်းတွေ့ရရင် ခွေးကိုပင် မဲမောင်းကာ ရှုတ်ချပြောဆိုသွားတတ်ပါတယ်၊ သို့သော် မိမိတစ်ကိုယ်တည်း လူဆိတ်ရာမှာ ထိုသို့ ထိုခွေးထီးနှင့် ခွေးမကိုတွေ့ရင် သေချာစွာ ကြည့်၍နေတတ်ပါတယ်"

"ဆို..."

mgyoe.com

mgyoe.com



"ယင်းတို့သည် ဟန်ဆောင်မှုဖြစ်၍ ထိုသို့မြင်တွေ့ရခြင်းဖြင့် အသုဘကမ္မဋ္ဌာန်းကို မဝင်စားတတ်သူများမှာ မိမိ၏ရုပ်နာမ်တွင် ကိန်းအောင်းကာဝပ်နေတဲ့ မေထုန်ဓာတ်ဟာ သဘောဓာတ်စိုက်လာကာ မြူးကြွလာစေတတ်ပါတယ်"

ဒေါ်လှလှသည် ညစ်နွမ်းခြင်း မကင်းသေးသည့်အတိုင်း အတိတ်များ၊ အရိပ်များကိုတွေးဆကာ ပြုံးသယောင်နှင့်နေလေ၏။ ဘတုတ်ကား ၎င်းစကားကို လိုရင်းသို့ရောက်အောင် ဤသို့ဆက်ပြန်၏။

"လိုရင်းကို ညွှန်တော့မယ်အစ်မ"

"ဆိုပါ"

"အစ်မဟာ စန်းစန်း ခင်မောင်ဆင့်တို့နှင့် အင်မတန်ကျွမ်းပြီး နှစ်ကိုယ့်တစ်စိတ်ဆိုသလို နေပါတယ်၊ အစ်မဟာ စန်းစန်းတို့အိမ်မှာ ကြိုးကိုင်သဖွယ်ပဲဆိုပါတော့"

"အင်း... ဆိုတော့"

"သည်တော့ စန်းစန်းနှင့် ခင်မောင်ဆင့်... ချစ်ပုံတွေ၊ ပလူးပုံတွေ၊ မြူးပုံတွေကို တစ်နေ့မမြင် တစ်နေ့မြင်မိမှာပဲ၊ အစ်မကိုယ်တိုင်ကလည်း အပျိုကြီးပီပီ မြင်ချင်ကြည့်ချင်မှာပဲ"

"မငြင်းပါဘူး"

"သည်လိုကြည့်ချင်မြင်ချင်နှင့် မြင်တွေ့မိတော့ အစ်မမှာ ညစ်ညမ်းခြင်းမကုန်သေးလို့ ကိန်းအောင်းနေတဲ့ မေထုန်ဓာတ်ဟာ ကွန့်မြူးလာမယ်၊ ကွန့်မြူးခြင်းထက်သန်လာတော့ အစ်မကလည်း လူချော့လူလှပုကွ ခင်မောင်ဆင့်နှင့် ဟောဓာတ်သင့်ချင်လာပြီ"

"မောင်၊ နားလည်ပြီ၊ မောင်က ဘွင်းဘွင်းကြီးဖွင့်ချတာကိုပင် ဝမ်းသာပါတယ်၊ ခေတ်အလျောက် လောကမှာ အောင်သွယ်နှင့် ညားတာတွေ အပုံ၊ အစ်မ အိမ်ထောင်ပြုလို့၊ ညီမတွေ လင်နောက်လိုက်ပြေး

mgyoe.com

mgyoe.com



တာအများ၊ သည်ဟာမျိုးဟာ ဓာတ်ပွဲ၊ ကပွဲ၊ ဓာတ်ရှင်တို့ထက် ဆိုးတယ်မောင်၊ ကာမမေထုန်ဓာတ်တွေ လွန်ကဲလာရင်လည်း တိုင်းပြည်လူမျိုးဟာ ဘယ်လိုဖြစ်သွားမယ်ဆိုတာကို အစ်မ ရိပ်စားမိတယ်၊ ဒါကြောင့် ကမ္ဘာကို အကျင့်စာရိတ္တပျက်စေတတ်တဲ့ တိုင်းကြီးပြည်ကြီးများက မိတ်ဆွေကပွဲများကို အစ်မတစ်ခါမျှ မကြည့်ဖူးဘူး"

"သာဓုပါ"

"သည် ကာမမေထုန်စိတ်ဟာနော်...."

"အစ်မ ကာမမေထုန်စိတ် မကုန်ခန်းလျှင် ဂုဏ်ကြီးချင်တယ်၊ ဂုဏ်လိုချင်တယ်၊ ကိုယ်ကျိုးကိုယ်စီးပွားကိုသာ မက်တတ်တယ်၊ တန်ခိုးကို အလွန်နှစ်သက်တယ်၊ ရရှိတဲ့တန်ခိုးနဲ့ငါဟာ မြသည်ဟု မွေ့လျော်တတ်တယ်၊ ဒါဟာ ဘာကြောင့်လဲဆိုရင် အမိုက်မှောင်ကြီးထဲမှာ အောင်းနေလို့"

"မောင်ရယ်၊ သည်စိတ်ကို မဝင်လာရအောင်၊ လျော့ပါးအောင် ဘယ်လိုလုပ်ရမလဲ"

"အစ်မ...ဒါကိုတော့ နောင်အစ်မနှင့်ကျွန်တော် တွေ့ရဦးမှာပဲ၊ အဲသည်တော့ နှီးနှောတာပေါ့"

ထိုသို့ပြောဆိုပြီးနောက် လှလှသည် ဘတုတ်ကို ဦးထွန်းခိုင်တို့၏အိမ်သို့ လိုက်ပို့လိုက်လေ၏။

❐

mgyoe.com

mgyoe.com

## ဆန်းပုံထူးခြား၊ ပြုတ်မနူးလား

ဘတုတ်သည် မိမိ၏ခြံထဲ၌ စိတ်ကြည်အေးစွာနှင့် အလုပ်လုပ်ခြင်းဖြင့် ရာသီလိုက် ဟင်းသီးဟင်းရွက်တို့သာမက ခေတ်အလျောက် လေချူသီးများ၊ စပျစ်သီးများလည်းထွက်၏။ သရက်၊ ပိန္နဲတို့လည်း ကောင်းစွာ ထွက်၏။ ထို့ကြောင့် ၎င်း၏ခြံသည် မြို့လူထုကို အကျိုးပြုတန်သရွေ့ ပြုနိုင်သဖြင့် ဘတုတ်သည် မိမိ၏လုပ်ငန်းကို ဝမ်းသာရုံမျှမက သရက်၊ ပိန္နဲ၊ လေချူပင်၊ သပြေပင်တို့ကိုပင် အကျိုးရှိစွာ ပြုစုနိုင်ခြင်းဖြစ်၍ ငါသည် အလွန်ကြီးမြတ်သော ကုသိုလ်ကိုပြုရဘိသည်ဟု အထူးဝမ်းသာ ကာရှိလေ၏။

ထိုသို့သော ဘတုတ်သည် စိတ်ကြည်လင်စွာနှင့် မဂ္ဂဇင်းတစ်ခုကို ဖတ်နေစဉ် ကားကလေးတစ်စင်းသည် ဘတုတ်၏ ခြံတွင်းသို့ ဝင်လာ၍ ဘတုတ်၏ အိမ်ရှေ့၌ ရပ်လေ၏။ ထိုကားပေါ်မှ မြင့်မြင့်နှင့် ထိုမြို့မှ ဆရာမကြီးသည် ဆင်းလာ၍ ဘတုတ်၏ စာကြည့်နေရာ ဧည့်ခန်းသို့ ဝင်လာလေ၏။

ထိုင်ကြပါဟု နေရာထိုင်ခင်းပေး၍ စားပွဲပေါ်မှ အချက်ပေးခေါက်ကလေးကို ဘတုတ်သည် နှိပ်လိုက်လေ၏။

ထိုမြို့မှ ဆရာမကြီးကား နေရာယူ၍ထိုင်၏။ မြင့်မြင့်ကား

mgyoe.com

mgyoe.com



မထိုင်သေးဘဲ ဆရာ့ရှေ့မှောက်တပည့်ရောက်ဘိသကဲ့သို့ ကျုံ့ကျုံ့ကလေးထိုင်၍ စက္ကူအိတ်တစ်အိတ်ကို ချပြီးလျှင် ကန်တော့လေရာ ဘတုတ်သည် လက်ကာ၍ အံ့အားသင့်စွာနှင့် နေရာမှထပြီးသော် ဤသို့ဆိုလေ၏။

"အလို… အလို၊ ဟာ ဒါဟာ ဘယ့်နှယ်လဲ၊ ဘာလဲဗျာ၊ သည်းခံပါ၊ သည်းခံပါ"

"ဦးဘတုတ်ဟာ ကျွန်မရဲ့ကျေးဇူးရှင်ပါ၊ ဦးဘတုတ်ကုသသွားလို့ ကျွန်မ သည်အခြေအနေမှာ ရှိနေနိုင်ပါတယ်၊ သို့မဟုတ်က ကျွန်မ တစ်သက်ပတ်လုံးရူးပြီး လူညွန့်တုံးရမှာပါရှင်၊ ဒါကြောင့် ထိုင်ပါ၊ ကျွန်မ ကန်တော့ပါရစေ"

"နေပါဦး၊ ခင်ဗျား မှားကုန်ပြီ၊ ခင်ဗျားလူလွဲနေပြီ၊ ခင်ဗျားကို ကျွန်တော် ဘယ်တုန်းက ဆေးကုဖူးလို့လဲ၊ ကျွန်တော်ဟာ ဆေးဆရာ မဟုတ်၊ ဆေးသမားလည်း မဟုတ်၊ မှော်၊ အင်းတို့ကို လိုက်စားတဲ့ လူလည်း မဟုတ်ပါ"

"ဦးဘတုတ် မေ့နေပုံရပါတယ်"

"ကျွန်တော် ဆေးဆရာမှ မဟုတ်ဘဲ၊ မေ့စရာမလိုပါ"

"ဦးဘတုတ်ဟာ ကျွန်မ၏သူငယ်ချင်း ကိုမျိုးချစ်နှင့်…"

"ဟာ ကျွန်တော် သတိရပြီ၊ အဲသည်တုန်းက ကျွန်တော်က ဘာဆေး၊ ဘာဝါးနှင့် ကုလို့လဲဗျာ"

"ဦးဘတုတ်က ရေတစ်ခွက်ကိုင်ပေးတဲ့ ရေကို ကျွန်မသောက်ရပါတယ်၊ အဲသည် သောက်ပြီးတဲ့ အချိန်ကစပြီး ကျွန်မရူးနေတာဟာ ပျောက်သွားတဲ့အပြင် ယနေ့ထိ ဘာရောဂါမှမရှိပါ၊ ကိုင်းရှင်… ထိုင်ပါ၊ ကန်တော့ခံထိုက်ပါတယ်"

*

mgyoe.com

mgyoe.com



မြင့်မြင့်သည် ကန်တော့၍ စက္ကူအိတ်တစ်အိတ်ကို ဦးဘတုတ်သို့ မိမြင့်မြင့်က ကန်တော့၍ ပူဇော်ပါသည်ဟု စာရေးပြီးလျှင် ဘတုတ်၏ စားပွဲပေါ်၌ တင်ထားလိုက်လေ၏။

လက်ဖက်ရည်ပွဲ အချိုအချဉ် စားကောင်းသောက်ဖွယ်တို့သည် ရောက်လာလေ၏။ အေးမိကား ဧည့်ခံကောင်းအဖြစ်နှင့် ကောင်းစွာ ဧည့်ဝတ်ပြုနေလေ၏။ ဆရာမကြီးသည်ကား အေးမိကို သိ၏။

အေးမိကလည်း ဆရာမကြီးကို ရိုသေစွာပင် ဧည့်ဝတ်ပြုသည့်ပြင် ဆရာကောင်းတပည့်မဖြစ်သည့်အတိုင်း ဆရာမကြီးနှင့်အတူ လာသူဖြစ်၍ မြင့်မြင့်ကိုလည်း အထူးတရိုတသေနှင့် ဧည့်ခံ၏။

အေးမိကား အသားဝင်း၊ အတော်ပင်ချောလှ၍ အပြစ်ဆိုဖွယ် မရှိသည်လောက်ဖြစ်သဖြင့် မြင့်မြင့်သည် အေးမိအပေါ်၌ သို့လော သို့လော စိတ်ကစားချင်မိ၏။ သို့သော် ဘတုတ် ပြောသွားသောစကား ကို သူ၏မိဘများက ပြောပြ၍ စိတ်အားဖြင့်ပင် မကောင်းမှုကို မပြု ထိုက်ဟု ယူဆမိသဖြင့် အတော်ပင်ချုပ်တည်းထားရပြီးသော် ဤသို့ စကားခင်းလေတော့၏။

"ကျွန်မကို ပြုစားတဲ့စုန်းမကို သိပါရစေရှင်"

"ကျွန်တော် မှော်ဆရာမဟုတ်၊ အောက်လမ်းသမားလည်းမဟုတ်၊ ဆေးသမား၊ ဆေးဆရာမဟုတ်"

"ဘာကြောင့် သိချင်သလဲ"

"ဆရာမရယ် သူဟာ ကျွန်မကျေးဇူးရှင်၊ ဒါကြောင့် ကျွန်မသူ့ကို ကန်တော့ချင်လို့ပါ"

(ဘတုတ်ကား မည်သည့်စကားကိုမျှ မဆိုဘဲ ငုတ်တုတ်ကြီး အာစေး ထည့်ထားသကဲ့သို့ ရှိနေလေ၏)

"ဆရာမရယ်၊ ကိုယ့်ပြုစားတဲ့ စုန်းမဟာ ကိုယ့်ကျေးဇူးရှင်ဖြစ်ရမယ်လို့"

mgyoe.com

mgyoe.com


"ဆရာမရယ်... အဖေနှင့်အမေတို့က ပြောပြတယ်၊ စုန်းကပြုစားတာမဟုတ်ဘူးတဲ့၊ မိမိကိုယ်ကို မိမိက ပြုစားတာတဲ့၊ သည်သဘောကိုပြောပြတဲ့သူဟာ ဦးဘတုတ်တဲ့၊ ဦးဘတုတ်သည်လိုပြောခွင့်သာအောင်ကွင်းဆက်သဘောနှင့် စုန်းမက ပြုပြင်ပေးတာပါ၊ ဒါကြောင့် သည်စုန်းမဟာ ကျွန်မရဲ့ကျေးဇူးရှင်လို့ အောက်မေ့မိပါတယ်"

ထိုသို့ ပြောဆိုနေခြင်းကို ဘတုတ်သည် နားရှိ၍ကြားရမည်။ ကြားစေကာမူ ဘတုတ်သည် မတုန်မလှုပ်နှင့် ပါးစပ်ပိတ်လျက်ရှိနေပေသည်။ မြင့်မြင့်သည်ကား စကားကို ဤသို့ဆက်ပြန်၏။

"ကျွန်မ ခုလို စုန်းပြုစားတာကို ခံရတော့ ကျွန်မယူဆထားတာတွေဟာ ဇဝေဇဝါဖြစ်နေပါတယ်၊ ဒါကြောင့် သေသွားရင် ဘဝမဆုံးသေးဘူး၊ သံသရာရှိတယ်ဆိုတာကို ဦးဘတုတ်ဖြင့် ရှင်းပြတတ်လေမယ်ထင်လို့ ဒါကိုနာပါရစေရှင်"

"ဆရာမတို့က ကျွန်တော့်ထက် ပညာတတ်ပါတယ်၊ ဗဟုသုတလည်း စုံပါတယ်၊ ကျွန်တော် ဆရာမတို့ကို သဘောကျအောင်ပြောတတ်မယ် မထင်ပါ။ ကျွန်တော်ဟာ အလကားလူ၊ ခြံသမားပါ၊ သည်းခံပါခင်ဗျာ"

"ရှင့်အယူအဆကို နာပါရစေရှင်"

"ကျွန်မလည်း နာလိုပါတယ်ရှင်၊ သည်လိုမိမိကိုယ်မိမိက နှိမ့်ချတဲ့လူတစ်ယောက်တည်းသာ ကျွန်မဖြင့် တွေ့ဖူးပါတယ်"

ဘတုတ်သည် မနေသာ၍ အမိုက်တိုက်ဖုံးလွှမ်းကာ မှောင်ကျနေ၍ ပြုပြင်ခြင်းဖြစ်၊ အထူးအသိဖြစ် စသည်ဖြင့် ရှင်းပြ၍ တည်ရာတစ်ဆယ့်နှစ်ရပ်၊ ဓာတ်တစ်ဆယ့်ရှစ်ရပ်ဖြတ်ပုံကို၊ ၎င်းယူဆသည့်အတိုင်းပြောပြ၍ သဘောဓာတ်အားဖြင့် အတွေ့၊ ခံစားခြင်း၊ တပ်မက်ခြင်း စသည်တို့နှင့် ၎င်းဖတ်မိထားသော စာအတိုင်း ဥပါဒ်အာရုံ အတိုင်း

mgyoe.com

mgyoe.com


ဘဝဖြစ်၊ ဘဝတွင် မြူသက်ဘဝ၊ ဓာတ်သက်ဘဝတို့ကို ရှင်းပြပြီးသော် ဤသို့ပြောဆိုလေ၏။

"ဆရာမတို့ကတော့ ကျွန်တော့်အယူကို ဘာသဘောတူမလဲ၊ သေသွားရင် ဘဝတုံးပြီ၊ ခုဘဝမှာ စံလိုသမျှစံ၊ ကိုယ်ကောင်းရအောင် တတ်နိုင်သလို ဆောင်ရွက်ဆိုတာ သဘောကျမှာပါပဲ"

"ဆရာမ ကျွန်မတော့ လင်းပြီ"

"ဆရာမရယ်၊ ကျွန်မလည်း ဆရာတွေများပေါ့၊ ခုမှပဲလင်းပါတယ်၊ ကျွန်မ မိန်းမယောကျ်ား၊ လူတိရစ္ဆာန်ဆိုတာတွေဟာ သဘောဓာတ်၊ သဘောဓာတ်ဆိုတာ အာရုံငါးရပ်အားဖြင့် ပြုကျင့်တဲ့စရိုက်၊ သည်ပြုကျင့်ခြင်းဟာ အမိုက်မှောင်နှင့် အလင်းအတိုင်းဖြစ်ရတာကို သိပါပြီ၊ သိပ်ကျေးဇူးများပါတယ်ရှင်၊ ကျွန်မလာရောက်ပူဇော်တာဟာ သိပ်နည်း တယ်၊ ဖေဖေနှင့်မေမေကိုပြန်ပြီး ဟောရဦးမယ်"

ဘတုတ်ကား တည်တည်နှင့်ပင် နေလေ၏။ ဆရာမနှစ်ယောက်ကား ကျေးဇူးတင်စကားကို ဆို၍ ပြန်ကြလေ၏။ ဘတုတ်သည် ညနေသုံးနာရီထိုးတော့မည်ဖြစ်သဖြင့် အလုပ်ဆင်းရန် အဝတ်လဲတော့မည် အလုပ်တွင် ဒုတိယအရေးပိုင်ဟု ဆိုနေကြသော မြို့မဝန်ထောက်ကြီးသည် ကလေးနှင့် ရောက်လာ၏။

"အစ်ကို... ဘာကိစ္စ၊ သပြေမှိုတွေပို့လိုက်တာ ရရဲ့လား"

"ရပါတယ်ကွာ၊ မင်းရဲဝန်အိမ်က ဖိတ်စာရတယ် မဟုတ်လား"

"ရပါတယ်"

"လုပ်လေကွယ်... သွားရအောင်"

"အစ်ကို ကျွန်တော်မသွားတော့ဘူးလို့..."

"ဟာ မတော်တာ"

"နေပါစေတော့၊ အစ်ကိုလာခေါ်တာလား"

mgyoe.com

mgyoe.com


"မဟုတ်တာ သူ့ကတော်က မင်းကိုတန်းတန်းစွဲ၊ ဘမောင်က ဘတုတ်ကို မဖိတ်ပါနှင့်၊ သည်အကောင် မလာပါဘူး၊ သူ့အစ်ကို ပြောတာမှန်တယ်၊ သည်အကောင်လူထဲဝင်ဝံ့တဲ့ အကောင်မဟုတ်ဘူး လို့ဆိုတယ်၊ မသိန်းက ဘာမလာနေရမလဲ၊ လာရမယ် ဖိတ်ဆိုလို့ ဖိတ်တာကွဲ့၊ ကိုင်းကွယ်....အဝတ်လဲ၊ လိုက်ခဲ့ သွားရအောင်"

"နေပါစေအစ်ကိုရယ်"

"ဟ၊ ဘယ်နေရမလဲ၊ လာလိုက်ခဲ့၊ ကိုင်း... အဝတ်လဲ"

"ကိုင်း၊ သည်လိုပဲ လိုက်ပါ့မယ်အစ်ကိုရယ်"

"ခက်တဲ့လူပဲ၊ လာ"

မြို့မဝန်ထောက်ကြီးသည် အိမ်တွင်နေသောအဝတ်နှင့်ပင် ဘတုတ်ကိုခေါ်သွား၍ ဘတုတ်မှာ တိုင်းရင်းရက်ထည်ချည်လုံကွင်း ဖျင်နီရှပ်အင်္ကျီ၊ ခေါင်းတုံးတိုတိုနှင့် ဖြစ်နေလေ၏။ သို့လင့်ကစား ၎င်းသည် အရေးပိုင်စသော အရာရှိကြီးများနှင့် တစ်ဝိုင်းတည်း ထို ကိုးဆူကျွေးတွင် ဖြစ်နေ၍ သည်ကိုးဆူကို စခဲ့တဲ့ ကျစ္စာမင်းနှယ်ဟု ဘတုတ်သည် စိတ်ထဲမှ အပြစ်တင်နေလေ၏။

ထိုဝိုင်းမှ လူကြီးလူကောင်းများသည် အုန်းနို့ခေါက်ဆွဲကို စားသောက်ပြီးကြသောအခါ လက်ဖက်ရည်ဖန်၊ လက်ဖက်သုပ်၊ ချင်းသုပ်တို့ကို စားသောက်နေကြရင်း စကားစပ်မိစပ်ရာ ခေတ်မိန်းမများ၏ မကောင်းကြောင်း၊ ဆိုရှယ်လွန်းအားကြီး၍ အကျင့်ပျက်စီးကြောင်းတို့ကို သူတစ်ပေါက်ငါတစ်ပေါက် ပြောဆိုနေကြလေ၏။ ဘတုတ်ကား ပါးစပ်ပိတ်၍ ငေးကာ နားထောင်နေလေ၏။

အခြားမိန်းမဝိုင်းမှ ဆရာမကြီးနှင့် ဆရာမအချို့၊ ကတော်များကလည်း ထိုစကားကိုကြား၍ အတော်ခံပြင်းသကဲ့သို့ပင် ဒေါပွကာ ရှိလေ၏။

mgyoe.com

mgyoe.com



ထိုအခါ တိုင်းမင်းကြီးက စ၍ပင် ဤသို့စကားဖောက်တော့၏။

"မောင်ဘတုတ်၊ မျက်လုံးစိုက်ပြီး ဘာများ ငြိမ်သားကောင်းနေပါသလဲ၊ ဘာကိုတုပ်မလို့လဲ၊ ဟိုမြို့က မင်းအစ်ကိုကြီး တိုင်းမင်းကတော့ မင်းလာမှာကို ကြောက်နေသတဲ့၊ တစ်နေ့က အစိုးရလခစားတွေနှင့် ပါတီ မင်းတွေရဲ့အပြစ်ကို ပြောသွားလို့ မခံချိမခံသာဖြစ်နေသတဲ့"

ဘတုတ်ကား လေတိုက်လျှင်လှုပ်ရသော သစ်ရွက်ကဲ့သို့ဖြစ်၍ ဤသို့ စကားမထိတထိနှင့် ဖိလေ၏။

"အစ်ကိုတို့ ခေတ်မိန်းမတွေရဲ့ အပြစ်တွေကို ဝေနေအောင်ပြောသွားတာဟာ စဉ်းစားဖို့ အကွက်ကျန်နေတယ် ထင်ပါတယ်"

"ကိုင်း... တုပ်ပြီကွယ်"

"ဘာများ အကွက်ကျန်နေသလဲကွဲ့"

"မိန်းမက စားမြွောင်ပြပြီး ယောကျ်ားကို မုဒိမ်းကျင့်တဲ့အမှုရုံးများကို ရောက်ပါသလားခင်ဗျာ"

"ကိုင်း ဘယ့်နှယ် ဆရာတို့၊ စက်ရှင်မင်းကြီး... ဆိုဗျာ"

"ဒါတော့ ခင်ဗျာ၊ ဓမ္မတာမှမဟုတ်ဘဲ"

"အစ်ကို၊ စဉ်းစားပါ၊ မုဒိမ်းမှုတဲ့၊ မုဒိမ်းဆိုတာ ပေါရာဏစကား၊ သူခိုးပါတဲ့၊ အဲသည်တော့ မိန်းမက ယောကျ်ားကို စားပြ၊ အာဏာပြပြီး ခိုးကြောင်ခိုးဝှက်မေထုန်မှုကို ပြုတယ်လို့ ရုံးကိုရောက်ရပါသလား"

"အင်း... အင်း... အင်း... အင်း"

"မအင်းကြနှင့်ခင်ဗျာ...၊ ဘယ်မိန်းမအရာရှိကြီးက သူ့လက်အောက် စာရေးကလေးကို၊ ငါ့အလိုကိုဖြည့်၊ မင်းကိုရာထူးတိုးပေးမယ်၊ ဘယ်မိန်းမဆရာမကြီးက၊ လက်အောက်က ဆရာထီးတစ်ယောက်ကို ငါ့အလိုကိုမလိုက်ရင် မင်းလခတိုးဖို့မထောက်ခံဘူးလို့ ဆိုဖူးသလဲခင်ဗျာ"

ငေးနေကြလေ၏။

mgyoe.com

mgyoe.com


ဆရာမကြီးနှင့် တကွသော မိန်းမပိုင်းကကား ပြုံးနေကြလေ၏။ ဘတုတ်ကား ဆက်၍ ဤသို့ တုပ်ပြန်၏။

"မိန်းမဆိုတာ စာတ်သဘောကိုက တစ်မျိုး၊ သဘာဝဆိုပါခင်ဗျာ၊ သူတို့ဟာ ကမ္ဘာမှာ ဥပပတ်ပဋိသန္ဓေ၊ သံသေဒဇ ပဋိသန္ဓေ၊ တည်နေနိုင်ခြင်း ဥတုရာသီမှ တိမ်းလာတော့ လူပေါက်ပွားဖို့ရန် တာဝန်ဖြစ်နေလို့ လူဖြစ်ရကတည်းက ယောကျ်ားနှင့်မတူဘဲ သားငယ်အိမ်ပါပြီး သဘောစာတ်အရ ဖြစ်လာရပါတယ်၊ ပယ်ကြပါခင်ဗျာ..."

"မင်း သိပ္ပံကမှ တကယ့်သိပ္ပံဟေ့..."

"အဲသည်တော့ မိန်းမဆိုတာ မစာတ်က ဦးဆောင်နေတဲ့အတိုင်း လှချင်တယ်၊ မိမိကိုယ်ကို မိမိအလှပြင်ချင်တယ်၊ ယောကျ်ားတို့မှာလည်း ထို့အတူ လှချင်နေလျှင် မိမိကိုယ်ကိုမိမိ အလှပြင်ချင်အားကြီးနေရင် သည်ယောကျ်ားမှာ မစာတ်လွန်ကဲနေတယ်လို့ ယူဆစရာပါ"

"ဟာ... ဘယ့်နှယ်... မောင်ဘတုတ်ရယ်၊ တုပ်လှချည် လား၊ ဒါကြောင့် မင်းနောင်ကြီး မင်းကြီးက လန့်တာကိုး၊ လန့်ထိုက်ပါတယ်"

"ကျွန်တော်က သဘောစာတ်ကို ပြတာပါ၊ လူဆိုတာ ဘယ်မှာ ရှိမလဲ၊ ဒါကြောင့် ယောကျ်ားမိန်းမရယ်လို့ ဘယ်မှာရှိမလဲ၊ စာတ်ကောင်ဖြစ်နေလို့ သဘောစာတ်သာ ရှိပါတယ်၊ ဒါဟာ သဘာဝပါ"

"အင်း... ဆိုကွယ်"

"အဲသည်တော့ မိန်းမဆိုတာ လှအောင် ဆင်ရပြင်ရမယ်၊ မိမိရဲ့ အသံကို သာယာပြေပြစ်၊ ချိုမြစေရမယ်၊ မိမိရဲ့အနံ့ကို မွှေးကြိုင်စေလိုတယ်၊ ဘယ်လို မိန်းမကိုမဆို သူတောင်းစားစုတ်ပဲ့ လူနူကပင် အရုပ်ဆိုး အကျည်းတန်တယ်၊ အကြည့်တန်တယ်၊ အသံက ခွေးနာ ကြောင်နာ သံလို အနံ့က လက်ပတ်စော်နံတယ်ဆိုရင် မခံချင်ဘူးပေါ့၊ ဒါဟာ

mgyoe.com

mgyoe.com



မသဘာဝ၊ သဘောဓာတ်ကပင် သည်လို၊ ကျွန်တော့်အား ကျွန် စုပ်ပစ်တဲ့ သရက်စေ့လို့ဆို မနာပါ၊ ဒါဟာ ဖိဓာတ်ဦးဆောင်နေလို့ပါ”

“အင်း... ဆိုဆို ဆိုဆို”

“အဲသည်တော့ မိန်းမတို့ရဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံတို့ဟာ အမြဲဆွဲငင်နေတဲ့ အဆွဲဓာတ်တွေပါ၊ ဒါကို စပ်ဆုပ်ရွံ့ရှာဖွယ်သော အပုပ်ကောင်က သရုပ်ဆောင်ပြီး ငင်နေတယ်လို့မသိဘဲ လိုက်ပါနေတဲ့၊ ငင်နေတဲ့ ယောက်ျားများ ရှိခဲ့ပါလျှင် ဘယ်သူက ကန်းပြီးရမ်းကာဆိုးပါသလဲခင်ဗျာ...”

“ကိုင်း... ချပြီမောင်တို့၊ ဘယ်သူ့အပေါ်ကျမလဲ”

“ဟော ကိုယ့်လက်အောက်က စာရေးမကလေးသိတဲ့အတိုင်းပေါ့ခင်ဗျာ၊ ငြီကာမချဲ့ပါဘူး၊ မိန်းမဆိုတာ ယောက်ျားက ချမ်းသာမပေးဘဲ ဗွတ်အတင်းမေထုန်သဘောကို ပြုကျင့်လိုက်ရင် လုံသည်ထင်ပါက ပထမမှာ စိတ်ဆိုးချင်သော်လည်း ထိလျှင်မိတတ်တဲ့သဘောကြောင့် နောက်စိတ်ပါပြီး အညှာလွယ်တတ်တယ်ခင်ဗျာ၊ အညှာလွယ်တယ်လို့တော့ မဆိုပါဘူး၊ တော်ပါပြီခင်ဗျာ၊ ဒါလောက်ပဲဆိုပါရစေ”

“ဟာ... ပြောဦးကွယ်၊ အမျှဗျို့ မဟာစ်ရသေးဘူး”

“အဲသည်လို ယောက်ျားများကဖြစ်ပြီး မယားကြီး၊ မယားလတ်၊ မယားငယ်နှင့်မျှ မက၊ ခါးပိုက်ဆောင်၊ အိတ်ဆောင်၊ ပျော်တော်ဆက်နှင့်ပင် မတင်းတိမ်၊ ဂဏ်ရှင်၊ အာဏာရှင်တစ်စုဟာ စုပြီး မေထုန်ဈေးသည် အရပ်ပျက်မကလေးတွေနှင့် မြူးကြမူးကြသေးတယ်”

“အင်း၊ ထိသကွယ်၊ မိသကွယ်”

“အဲသည်တော့ မိန်းမတွေကလည်း ကဲကြတာပေါ့၊ ဟော့... မယားကြီး၊ မယားငယ်၊ မယားလတ် မရှိဘူး၊ ကိုယ်ချစ်လို့ကိုယ့်ဘက်ပါပြီး ယိုင်ရင် ကိုယ်ပိုင်တာပဲဆိုကာ အမျိုးမျိုး အဖုံဖုံကဲကာ ဆင်နွှဲလာကြတော့

mgyoe.com

mgyoe.com


ဟော... ခါတ်ရိုက်၊ မီးထွန်း၊ အင်းချနှင့် ပွေပြီးရှူးတဲ့လူလည်း ရှူးကြတာ ပဲခင်ဗျာ၊ ဒါကို ထောက်ရှုသဖြင့် ယောက်ျားများ တည်ခဲ့ပါရင် မိန်းမများ မညီနိုင်ပါဘူးခင်ဗျာ။ မိန်းမများကို ရှုတ်ချထိုက်၊ မရှုတ်ချထိုက်၊ အပြစ် ဆိုထိုက်မဆိုထိုက် စဉ်းစားစရာ အကွက်ရှိနေလို့ ထောက်ပြခြင်းသာပါ"

ထိုသို့နှင့်ပင် လူစုကွဲသွားရာ ဝိုင်းတစ်ဝိုင်းမှ ထောက်ပံ့ရေး အရာရှိတစ်ယောက်ကမူကား ၎င်းအား စောင်း၍ပြောသည်ထင်သော ကြောင့် အတော်ပင် အခဲမကျေ ရှိနေလေ၏။ ၎င်းသည် ဘတုတ်နှင့် အသိဖြစ်၍ ဘတုတ်ထံမှ ခြောက်လခန့်ငွေများကို လှည့်သုံးရဖူး၏။ ဘတုတ်အားဖြင့်လည်း ထိုမြို့ရှိ လူကြီးလူကောင်းဆိုသူတို့နှင့် အသိ အကျွမ်းဖြစ်ရလေ၏။

လောကမည်သည်မှာလည်း အပေါင်းအသင်းမရှိဘဲ တစ်ဦးတည်း ထီးတည်းနေလျှင် စိတ်ကြီးဝင်ရာရောက်သည်ဟု ထင်မှတ်တတ်ကြ၏။ တစ်နည်းတုံမှာလည်း တစ်ဦးတည်း ထီးတည်းနေတတ်ခြင်းသည် တိမ်မြုပ်နေဘိသကဲ့သို့ ရှိရတတ်၏။ အပေါင်းအသင်းဆံ့၍ ငံသည် ဟု ထင်လျှင်လည်း မနာလိုဝန်တိုသူတို့ ပေါ်လာတတ်သည့်ပြင် ရန်သူ လည်း ရှိလာတတ်ချေသည်။

ဘတုတ်တို့၏ ရပ်ကွက်၌ ခေတ်မီမီကျောင်းဝင်းကြီးနှင့်တကွ သောင်းတန် မူလတန်းကျောင်းတစ်ကျောင်း ဆောက်လုပ်ရန် ဘတုတ် ကပင် ကမကထပြုလုပ်ကာ ဆောင်ရွက်လေ၏။

ထို့ကြောင့် ကျောင်းသားမိဘအသင်း ကော်မတီသည် ငါးသောင်း တန်ကျောင်းဆောက်လုပ်ရန်အတွက် ဘိလပ်မြေနှင့်သွပ်ကို လုံလောက် အောင်ရနိုင်ရန် ထောက်ပံ့ရေးအရာရှိထံသို့ ရပ်ကွက်ဆိုင်ရာ ကျောင်းသား မိဘ အစည်းအဝေးက ဆုံးဖြတ်ချက်ကို ယူသွားလေ၏။ ထိုအစည်း အဝေးတွင် ဘတုတ်သည် အစည်းအဝေး သဘာပတိဖြစ်၏။

mgyoe.com

mgyoe.com


ထောက်ပံ့ရေးအရာရှိသည် ကျောင်းကော်မတီလူကြီးများ ဘိလပ်မြေနှင့် သွပ်လိုသလောက်တောင်းဆိုသည့် လျှောက်လွှာကို ကျောင်းသားမိဘအသင်း ဆုံးဖြတ်ချက်နှင့်တကွ တင်သည့်အတိုင်း ဖတ်ကြည့်ပြီးသော် "အသင်တို့ရဲ့ ကျောင်းဆောက်ဖို့ ဘိလပ်မြေနှင့် သွပ်ကို အစိုးရက မပေး" ဟုဆိုကာ လျှောက်လွှာကို လွှင့်ပစ်လိုက်လေ၏။

ထိုထောက်ပံ့ရေးအရာရှိကား ဘဝအကျိုးပေးကောင်းသဖြင့် ထိုမြို့မှာ လျှမ်းလျှမ်းတက် ကောင်းစားကာရှိ၍ ထင်ထင်ရှားရှားမယားငယ်နှစ်ယောက်ရှိ၏။ အခြားအိတ်ဆောင်မယားတို့လည်း ရှိ၏။ အရပ်ထဲမှာလည်း ငွေနှင့်ပစ်၍ အပျော်လိုက်ခြင်းလည်း များ၏။

ကျောင်းသားမိဘအသင်း ကော်မတီငါးယောက်တို့ကား မိမိတို့လျှောက်လွှာကို ထောက်ပံ့ရေးအရာရှိက လွှင့်ပစ်သည်ကို မခံမရပ်နိုင်ဘဲ ကောက်ယူပြီးသော် အရေးပိုင်ထံသွားရောက်ပြောဆိုတိုင်ကြားရန် တိုင်ပင်ကြလေ၏။

ထိုအခါ ထိုကော်မတီငါးယောက်တို့၏ခေါင်းဆောင်က ဤသို့ဆို၏။

"ခု ကျုပ်တို့ ထောက်ပံ့ရေးအရာရှိထံ လာတာဟာ မောင်ဘတုတ်ရဲ့ အကြံပေးအရလာတာပါ၊ မောင်ဘတုတ်ဟာလည်း လူပင်ငယ်သော်လည်း သာမန်မဟုတ်ပါ၊ တစ်ဦးနှင့်တစ်ဦး စိတ်သဘောအဆင်မပြေမှုကို အမြဲသည်းခံပါတယ်၊ တစ်ဦးအပေါ်တစ်ဦး မကျေနပ်မှုဟာ ရန်ဖြစ်ခြင်း၏အစပါပဲလို့ အမြဲပြောပါတယ်၊ သူက ကျောင်းဆောက်ဖို့ ငွေသုံးသောင်းထည့်ပါတယ်၊ ဒါကြောင့် မောင်ဘတုတ်အား ပြန်ပြောသင့်ပါသေးတယ်"

ထိုသို့ ချိတ်ကို ချိတ်နှင့်မချိတ်ဘဲ ဖြောင့်စင်းကာပေးသည့် သဘောနှင့် ထိုကော်မတီသည် မောင်ဘတုတ်ထံသို့ အကြောင်းကို ပြောပြလေရာ

mgyoe.com

mgyoe.com


မောင်ဘတုတ်ကလည်း လုံးဝအမျက်မထားသည့်သဘောနှင့် ဤသို့ပြော လေ၏။

"ဒါဟာ သဘာဝသဘောတစ်ရပ်ပါပဲခင်ဗျာ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ကသာ လူပေါ်တွင် ထားအပ်၊ ပြုကျင့်အပ်တဲ့ လူ့သဘောကိုထားပြီး ပြုကျင့်တာပေါ့၊ သည်ကျောင်းအတွက် ဘိလပ်မြေဖိုးနှင့်အမိုးကို ကျွန်တော့်တာဝန်ထားပါခင်ဗျာ"

ထိုသို့နှင့်ပင် မူလတန်းကျောင်းငါးသောင်းတန်ကို အရပ်လက်သမားများ၊ ပန်းရန်သမားများနှင့် ဆောက်လုပ်ကြရာ သမံတလင်းခင်း၊ မီးခံ (ဖိုက်ဗာ) အမိုးနှင့်ဖြစ်ပြီးလျှင် ခြောက်လနှင့်ကျောင်းဝင်း၊ ထိုင်ခုံများ၊ ကစားစရာနေရာများပါ ပြီးစီးလေ၏။

ထိုအခါ ကျောင်းပြီးစီးခြင်း အထိမ်းအမှတ်အားဖြင့် ဘုန်းတော်ကြီးဆယ်ပါးကိုပင့်၍ ဆွမ်းကျွေးခြင်း၊ ပညာပိုင်းအရာရှိများ၊ မြို့ပေါ်မှ ကျောင်းဆရာများ၊ အရာရှိကြီးများတို့ကိုပါ ပင့်ဖိတ်၍ ကျွေးရာတွင် ထောက်ပံ့ရေးအရာရှိလည်း ပါလေ၏။ ထိုသို့ ကျွေးသည့်ငွေကို ဘတုတ်ကပင် အကုန်ခံ၏။

ထောက်ပံ့ရေးအရာရှိကား အလွန်အံ့သြ၏။ အဘယ်ကြောင့်ဆိုသော် ထိုကျောင်းမှာ ကျောင်းသားမိဘကော်မတီများသည် မိမိထံသွပ်နှင့် ဘိလပ်မြေများ ရရာရကြောင်း လာရောက်လျှောက်ထားရာ မချေမငံပြုလုပ်လိုက်သော်လည်း ၎င်းတို့ဆောက်သောကျောင်းကြီးသည် ဘိလပ်မြေများကို ဖောဖောသုံး၍ သမံတလင်းပြုလုပ်ထားခြင်းနှင့် အမိုးမှာ မီးခံဖြစ်နေသောကြောင့် ဖြစ်၏။

ထိုသို့သော အခမ်းအနား၌ ဘတုတ်ကို အရိပ်အယောင်မျှပင် မမြင်ရသဖြင့် ထောက်ပံ့ရေးအရာရှိသည် ဘတုတ်အပေါ်၌ အတော်ပင် စိတ်ထဲက ရှက်နေလေတော့၏။

mgyoe.com

mgyoe.com



ဘတုတ်ကား မည်သို့သော သူနည်း။ သူသည် ဂုဏ်ကိုမလိုချင်သလော၊ ထင်ပေါ်ကျော်ကြားမှုကို မလိုချင်သလော၊ ၎င်းတို့၏ အရပ်မှ ငါးသောင်းတန် မူလတန်းကျောင်းကိုဆောက်ရာ ထင်ထင်ရှားရှား သုံးသောင်းထည့်သော်လည်း ကျောင်းအပြီး (ဝါ) ထိုကျောင်း၌ လိုအပ်သည်တို့ပြည့်စုံသည်အထိ ငွေလေးသောင်းငါးထောင်ခန့်ပင် ထိပ်ဟန်တူ၏။ ထိုငွေတို့ကို ခြံလုပ်၍ရသလော။ အခြားမည်ကဲ့သို့ ရဘိသနည်း။ မြို့ပေါ်၌ ထင်ထင်ရှားရှားမနိုင်ရင်ကာအဖြစ်ဖြင့် မိကြည်တို့၏အိမ်မှ တစ်ပါးမည်သည့်အိမ်နှင့်မျှ ဖော်ရွေသည်ဟု မထင်ရှားပေ။ ကျောင်းပြီး၍ လူကြီးများ၊ ဘုန်းတော်ကြီးများအား ဆွမ်းကျွေးခြင်း၊ ထမင်းကျွေးခြင်း ပြုရာတွင် ၎င်းကပင် အကုန်ကျခံသော်လည်း ၎င်းကို ထိုအခမ်းအနား၌ အရိပ်အယောင်မျှပင် မမြင်ကြရပေ။

ထို့နောက် တစ်လခန့်ကြာသော် ဘတုတ်သည် ညနေခင်းတွင် ခြံထဲ၌ အလုပ်လုပ်နေ၏။ ထိုအချိန်တွင် လှလှသည် အိပ်ရာလိပ်၊ သားရေအိတ်တစ်လုံးနှင့် ရောက်လာ၍ အေးမိသည် ဧည့်သည်မိန်းမ တစ်ယောက် ရောက်လာကြောင်းကို ဘတုတ်အလုပ်လုပ်နေရာသို့ သွားပြော၏။

လှလှသည် အေးမိကို အကဲခတ်လိုက်၏။ အတော်ပင် ချောလှပါကလား၊ ကိုယ်လုံးကိုယ်ပေါက် အတော်ဖြောင့်ပါကလား၊ ဘာတော်သလဲ၊ ထိုအတွင်း ဘတုတ်သည် တူးရှင်းပြားကလေး၊ ပေါက်ပြားတို့ကို ကိုင်၍ လာရောက်ရာ လှလှသည် နှုတ်ဆက်သည့်အနေနှင့် ဤသို့ စကားဆို၏။

"အဟုတ်ကို ခြံသမားပါကလား"

"အစ်မကလည်း အဟုတ်ကိုခြံသမားရယ်လို့၊ ခြံသမားသည် ခြံသမားပေါ့"

mgyoe.com

mgyoe.com



ထိုသို့ပြောဆို၍ ဧည့်ခန်းတွင် စားပွဲအနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ရာ ပလတ်စတစ်စာအိတ်တစ်ခုကို ဘတုတ်၏ရှေ့သို့ စန်းစန်း ကပဟုဆို၍ ချတင်လိုက်လေ၏။

"အစ်မ ဒါဘာလဲ"

"စန်းစန်းက ကျေးဇူးတင်လို့ ကန်တော့တာ"

"အို ဘာကြောင့် ကျေးဇူးတင်ရသလဲ"

"အသိသားနဲ့ ဇာတ်ကြောင်းကို မပြန်ပြောင်းပါရစေနှင့်၊ မောင်နှင့်သာမတွေ့ရင် စန်းစန်းဟာ ဘဝကူးပြီး လေလာတိုင်းပြေးနေရတဲ့ ပြိတ္တာမကလေးဖြစ်နေမှာပေါ့၊ ခုတော့ ခင်မောင်ဆင့်လည်း ဆယ်တန်းအောင်၊ ယခုတက္ကသိုလ်ကျောင်းတိုက် ရောက်သွားပြီ"

"အစ်မ... သည်မှာတည်းမယ်မဟုတ်လား"

"အော်... မေးနေရသေး"

ထိုအတွင်း အိမ်စိုးကတော် ခင်မကြီးသည် ရောက်လာ၍ ဟောသည်မှာ ဧည့်သည်ပစ္စည်းတွေ အိမ်ပေါ်တင်သွားလိုက်ပါဟု ဘတုတ်သည်ဆို၍ ခင်မကြီးသည် လှလှ၏ပစ္စည်းများကို အိမ်ပေါ်သို့တင်သွားပြီးလျှင် အခန်းတစ်ခန်း၌ ထားလေ၏။

လေးနာရီထိုးသော် တစ်နေရာမှ သံချောင်းခေါက်သံ ထွက်ပေါ်လာ၍ ခြံထဲမှ အလုပ်သမားတို့သည် ပြန်ကြလေ၏။ အေးမိလည်း စက်ဘီးစီး၍ အလုပ်မှ ဆင်းသွားလေ၏။

"မောင်... သူက ဘာလဲ"

"ကျွန်တော့်စာရေးပါ"

"လခ ဘယ်လောက်ပေးရသလဲ..."

"နှစ်ရာပါ..."

"အော်..."

mgyoe.com

mgyoe.com


"အစ်မက များတယ်ထင်လို့လား၊ မများဘူး၊ ခေတ်အလျောက် သူလည်းတကယ့် ဒီဂရီမောင်လူမျိုးခြားကမြင်လျှင် မက်စွဲလာအောင် သရဦးမယ်၊ သူ့အမေအား လုပ်ကျွေးနေပါတယ်"

"ဘယ်နှတန်းအောင်သလဲ..."

"အိုင်အေပါ..."

"အော်... ဆက်မသင်ဘဲကိုး..."

"အစ်မ... သည်ဝတ္ထုကို မနာချင်နှင့်၊ အော့ချင်မှာ..."

"ကိုင်းလေ အချိန်ရှိသေးသားကပဲ၊ မောင့်ခြံကို ကြည့်စမ်းပါရစေ" ဘတုတ်သည် ၎င်းခြံကိုလိုက်ပြရာ ရေပေးစက်၊ ရေပန်းစက်တို့ကို မြင်ရ၍ လှလှသည် အတော့်ကို ဝမ်းသာသည်ထက် အံ့အားသင့်လေ၏။

"မြင့်မြင့်များ ကံကောင်းရရင် ဝမ်းသာစရာပဲ"

"ဘယ်က မြင့်မြင့်လဲ..."

"ဟော... တကယ်မေးတာလား"

"သတိရပါပြီအစ်မ၊ ကျွန်တော်က ပြီးပြီးပျောက်ပျောက်ပါ၊ ငြိတွယ်ခြင်းသဘောမထားတတ်ပါ"

လှလှသည် သံပရာသီး၊ ရှောက်သီးများ၊ ဒန့်သလွန်သီးများတို့ကို ဖောက်သည်ယူနေသော ဈေးသည်သုံးဦးကို တွေ့ရရာ ဤသို့သော စကားကိုလည်း အသစ်အဆန်းကဲ့သို့ ကြားရလေ၏။

"အေး... သံပရာသီး ငါးရာစီပဲပေးပါတော့"

"မမအေးက သုံးရာစီပဲပေးပါ၊ ရှောက်သီးကို နှစ်ရာ့ငါးဆယ်စီ ပေးပါတဲ့"

"အေးအေးနှယ်နော်... အသေအချာပြောပြီးသားကို... ဘယ့်နှယ် လုပ်ပါလိမ့်မလဲ"

လှလှသည် ခြံကထွက်သော အသီးများကို ခြံရှင်ထက်စာရေးမ

mgyoe.com

mgyoe.com


တစ်ခုပဲဖြစ်နေသလား၊ သည်စာရေးမမှာ ဘယ်လိုတန်ခိုးများရှိနေပါသလဲ... ဟု တွေးဆပြီးသော် ဘတုတ်အား "သည်အချိန်မှာ ဒန့်သလွန်သီး မထွက်ပါဘူး၊ ဘယ့်နှယ်လဲ"

"အစ်မ၊ ဒန့်သလွန်ပင်က သီးပေးတာကိုး"

"ခက်ပိတောင်း"

"မခက်နှင့်အစ်မ၊ ဒန့်သလွန်ပင်လည်း သူကြိုက်တဲ့အစာနှင့် ရေကိုကျွေးလျှင် သူကလည်း သီးပေးတာပဲ၊ ဟိုမှာ သဘော်ပင်တွေ ဆယ့်နှစ်ရာသီ သီးနေတယ်၊ ချိုကချိုသနဲ့...။ သူတို့လည်း သည်လိုပဲ၊ သလဲပင်ကလည်း သည်လိုပဲ၊ သိပ်ပျော်စရာကောင်းတယ်နော်၊ မြင့်မြင့်ကို ပြချင်စမ်းပါဘိ...."

"ခုမှ ပြချင်နေ"

"သနားစရာဖြစ်အောင် စိတ်ကစားမိတာကိုး"

ထိုသို့နှင့် လျှောက်ကြည့်ပြန်ရာ ချင်းရဲမှိုများ၊ ငှက်ပျောမှိုများတို့ကို ဖောက်သည်ယူနေသော ဈေးသည်များနှင့် တွေ့ပြန်၍ လှလှသည် ဤသို့ဆိုတော့၏။

"ချင်းရဲမှိုကို မင်းတုန်းမြို့မှာသာ တွေ့ခဲ့ပါတယ်၊ ထားဝယ်မှာတော့ သည်မှိုမျိုးပဲ၊ ဒါပေမဲ့ ဒါလောက်မကောင်းဘူး၊ မှိုကျွဲသဲခေါ်တယ်၊ အညာမှာတော့ သပြေမှိုခေါ်တယ်၊ ခုသည်မှာ တွေ့ရပြန်ပြီ"

"သည်မှာလည်း သပြေပင်အောက်မှာ ပေါက်ပါတယ်၊ ဒါပေမဲ့ နန်းမြေကောင်းရအောင် ပြုပြင်ပေးရပါတယ်"

"သည်မှိုကတော့ကော၊ မှိုပေါက်တဲ့အချိန်လည်း မဟုတ်သေးပါဘူး"

"ငှက်ပျောမှိုလို့ ခေါ်ပါတယ်၊ ကျွန်တော့်ခြံက မှိုကို ဆယ့်နှစ်ရာသီလောက် ရပါတယ်"

mgyoe.com

mgyoe.com



"ရှင်တို့... သည်မှာ တစ်ပိဿာဘယ်လောက်နဲ့ ဖောက်သည်ယူကြသလဲ"

"ကျွန်မတို့ တစ်ကျပ်ခွဲနှင့်ယူပြီး နှစ်ကျပ်နှင့် ရောင်းပါတယ်"

"သားစျေး၊ ငါးစျေး ချိုရောပေါ့၊ ဒါပေ့ ရှင်တို့အမြတ်ကြီးယူလွန်းအားကြီးတယ် ထင်တယ်"

"အစ်မ... ဒါမှ သူတို့စားလောက်ပါမယ်၊ ဆန်က တစ်ပြည်ငါးမူးလောက်ဖြစ်နေပါတယ်၊ ဆီကလည်း တစ်ပိဿာ သုံးကျပ်လောက်ဖြစ်နေတယ်တဲ့..."

လှလှသည်ကား ဘတုတ်ခြံသမားအဖြစ်နှင့် အသက်မွေးသည်မှာ ပညာပါ၍ တိုင်းပြည်မှာ အတော်ပင် ကျေးဇူးရှိပေသတတ်ဟု ထင်မြင်လာလေ၏။ ထို့နောက် လှလှသည် စပျစ်ပင်များ၊ လေချျူပင်များတို့ကို သွားရောက်ကြည့်ရှုကာ ခြံလုပ်ခြင်း၏သဘောကို အတော်ပင်စိတ်ဝင်စားသလို ဖြစ်နေပေတော့သည်။

ထိုနေ့ ညနေစာကို ငါးနာရီခွဲတွင် စားသောက်ပြီးနောက် ခြောက်နာရီခွဲသော် အိမ်ပေါ်သို့တက်ကြသောအခါ အိမ်စိုးကတော်ခင်မကြီးသည် လှလှအား လိုက်၍ အခန်းကို ပြလေ၏။ အခန်းမှာ အလွန်သားနားတင့်တယ်၍ ရှေးကအဖိုးတန်အထက်တန်းစား အမျိုးသမီးများနေသွားသည်ဟုပင် ထင်လောက်ဖွယ်ဖြစ်နေ၏။ ထို့ကြောင့် လှလှသည် မည်သို့သော ဗိမာန်အခမ်းအနားသို့ ရောက်လာရပါသလဲဟုပင် အောက်မေ့ချင်လာ၏။

ခုနစ်နာရီထိုးသော် ဘတုတ်သည် သူ၏အခန်းသို့ဝင်ပြီးသော် မီးစိမ်းကိုဖွင့်ပြီးလျှင် တိတ်ဆိတ်စွာနေ၏။ လှလှသည်ကား ဘာလုပ်၍ ဘယ်လိုနေရဟုမသိဘဲ အူကြောင်ကြောင် ကဲ့သို့ရှိနေ၏။

ထိုသို့နှင့်ရှစ်နာရီထိုးသွားလေသော် ဘတုတ်သည် ၎င်း၏အခန်း

mgyoe.com

mgyoe.com


မှထွက်လာ၍ ဆင်ဝင်စာကြည့်ခန်းတွင်နေတော့၏။ ထိုအခါ လှလှလည်း ထိုနေရာသို့ လာရောက်စကားပြောနေလေ၏။

"မောင်က ဟိုတုန်းက စကားရှေ့ပြေးပြုကာ မှာထားခဲ့တာကို ကျွန်မအတော် နင့်နင့်တင့်တင့် ရှိခဲ့ပါတယ်"

"ဘယ်လိုပါလဲ အစ်မ၊ ကျွန်တော် သတိမရတော့ပါ"

"အချုပ်မှာ စန်းစန်းထံမှ ခင်မောင်ဆင့်ကို မလုပါနှင့်..."

"သတိရပြီ..."

"မောင်ရေ... စန်းစန်းနှင့်ခင်မောင်ဆင့်.... ပုတ်လား၊ ခတ်လား၊ ကျီစယ်လား၊ နေတာကိုလေ... နှစ်သိမ့်လာတယ်။ ဒါနှင့် သူတို့အိမ်မှာ တစ်ခါတစ်ခါသွားအိပ်တော့ သူတို့ကြည်နူးမွေ့လျော်ပျော်တာကို ကြားရတော့ ကျွန်မရဲ့မေထုန်ဓာတ်ဟာ မြူးလာပြီး သူတို့ကိုချောင်းကြည့်ချင်လာပြီ..."

"ချောင်းကြည့်ရောလား..."

"မကြည့်ပါဘူး၊ အောင့်ထားရပါတယ်"

(ဘတုတ်သည် ပြုံးနေ၏)

"သည်လိုအောင့်ထားပေမဲ့ မေထုန်ဓာတ်ဟာ ကဲလာတော့ ခင်မောင်ဆင့်ကို စန်းစန်းထံမှ လုရတော့မလားလို့ စိတ်ကစားလာမိတယ်"

"အစ်မကလည်း သည်လိုမေထုန်ဓာတ်လွန်ကဲလာရင် တခြားမှာ ယောက်ျား အများကြီးပါကလား..."

"မောင်... မောင်ပြောတာ ဟုတ်တယ်၊ တခြားယောက်ျားကို လင်လုပ်မိရင် သူလင်ဖြစ်တာနှင့် ကိုယ့်သခင် ဖြစ်နေတော့ပြီ၊ ဟော သူ့အလိုကို လိုက်စေချင်ပြီ၊ သူထားသလို နေစေချင်ပြီ၊ သူက ဆရာစား ဩဇာပေးချင်ပြီ၊ သူ့အမိန့်ကို နာခံပြီး သူ့ကိုကြောက်ရတော့မလို၊ သူ့အကြိုက်ကိုလိုက်ရတော့မလို ဖြစ်နေပြီ"

mgyoe.com

mgyoe.com



"ဒါတော့ ကမ္ဘာ့သဘာဝ ဆိုပါလေ..."

"အဲသည်တော့... အဘယ်မှာ အခြားယောကျ်ားကို ရှာဝံ့မလဲ၊ သည်တော့ ကိုယ်ထားရာမှာနေ၊ ကိုယ့်အလိုကိုလိုက်၊ ကိုယ့်အကြိုက်ကို လိုက်နာ၊ ကိုယ့်ဩဇာကို နာခံပြီး ကိုယ့်ကိုလေးစားမယ့် ခင်မောင်ဆင့် ကိုသာ...."

"ဒါမျိုးကို ကျွန်တော်က မြင်လို့ အစ်မကို မှာခဲ့တာပဲ"

"မောင်ရယ်... ဘယ်လိုတားဆီးမလဲ၊ ကာကွယ်ရမလဲ..."

"အစ်မ... တကယ်မေးနေတာလား"

"အော်... မောင်ကလည်း..."

"ကျွန်တော်ဟာ ကျမ်းဂန်တတ်မဟုတ်၊ ကျမ်းဂန်များကို သင်ဖူး သူလည်း မဟုတ်ပါ၊ ပညာရှိ ကျမ်းဂန်တတ်များ ပြောဟောခြင်းကို ကြားဖူးနားဝနှင့် အစီရင်ခံရမှာပဲ..."

"ပြောပါ..."

"ကျွန်တော့် သဘောကတော့ ပွင့်လင်းပြီး သံသရာမှာ ကျွတ် လွတ်ရန် အားထုတ်နေတဲ့သူများမှာ သတိသာလျှင် ပဓာနပါ"

"ဆိုပါ..."

"လူဟူ၍ ပညတ်ရာမှာ ငါလည်း ပညတ်ထားတဲ့ ဓာတ်ကောင်လို့ မိမိကိုယ်မိမိက သတိဖြစ်သင့်ပါတယ်"

"အင်း..."

"အဲသည် ပညတ်ထားတဲ့ ဓာတ်ကောင်ကြောင့် ငါဟု စွဲနေတဲ့ ငါဟာ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ အရိုး၊ အကြော၊ အသား၊ အူသိမ်၊ အူမ၊ အရေပြား စသည်ဖြင့် ကျောက်ကပ်ပါသုံးဆယ့်သုံးခုသော အစုအဝေးမြူတုံးကြီးပါကလားလို့ မြင်ပြီး သတိဖြစ်သင့်ပါတယ်။ သူတစ်ပါးကို မြင်တဲ့အခါမှာလည်း ထိုကဲ့သို့ သတိဖြစ်သင့်ပါတယ်။ အစ်မ–ကိုင်း... ဘယ်မှာလဲ နှစ်သက်ဖွယ်သောလူ..."

mgyoe.com

mgyoe.com


"အင်း..."

"လူဆိုတာ သုံးဆယ့်သုံးခုသော မြို့စိုင်၊ မြို့တုံးကြီး ဆိုတာကို မြင်ပြီး အဲသည် မြို့စိုင် မြို့တုံးကြီးမှာ ရုပ်နာမ်ဆိုတဲ့ ခန္ဓာငါးပါးဝါ အစုအပေါင်း ငါးရုပ်ဟာ စွဲကပ်နေစဉ်မှာ တစ်စုံတစ်ခုသော အာရုံကို ခံယူခြင်း ခံစားခြင်း ရှိပါတယ်၊ အဲသည် အာရုံဟာလည်း ကောင်း မကောင်းဟု ရှိပါတယ်...."

"ဟင်း....နက်တယ်နော်၊ ကျွန်မကို ကမ္မဋ္ဌာန်းသင်ပေးတဲ့ ဆရာက သည်လို..."

"အစ်မ သည်လိုစိတ်မကစားသင့်ပါ၊ အစ်မရဲ့ဆရာဟာ ကျွန်တော် ထက် အဆပေါင်းများစွာ တတ်သိလိမ္မာတဲ့ ပညာရှိကြီးဖြစ်ရပါမယ်၊ အစ်မရဲ့ သဘောမယ်လို့... သည်လိုမပြတာပါ"

"ဟင်း... ဟင်း"

"အဲသည်လို အာရုံကိုခံယူခြင်း၊ ခံစားခြင်းရှိနေသော အထူးအသိ ဖြစ်လာရာ တွေဝေပြီး အမိုက်မှောင်ကျနေတော့ မကောင်းကို အကောင်း၊ အကောင်းကို မကောင်း၊ ထင်မှတ်လာတတ်ပါတယ်"

"အင်း..."

"ဒါကြောင့် ပုပုကွကွဝဝ ခင်မောင်ဆင့်ရဲ့ရုပ်ကို မေထုန်ခုံတတ် ကြောင့်လှလာပြီ တိရစ္ဆာန်ကြက်ငှက်များ ပျော်မြူးနေသလို စန်းစန်း နှင့် ခင်မောင်ဆင့်တို့ ပျော်မြူးတာကို နှစ်သက်ပြီး စွဲလမ်းကာ ပျော် မြူးလိုတဲ့စိတ် ဖြစ်လာတယ်။ သည်အခါမှာ သဘောတရားကို ရှေးရှု ရမယ်။ ဒါဟာ ကောင်းသလား၊ မကောင်းသလား၊ ကောင်းခဲ့ရင် တိရစ္ဆာန်နှင့် ဘာခြားနားသလဲ။ ခွေးတွေ၊ ကြောင်တွေ၊ ကြက်တွေ၊ ငှက်တွေနှင့် ဘာခြားနားသလဲ အဲသည်လို သဘောဝင်စားသင့်ပါ တယ်...."

mgyoe.com

mgyoe.com



"အင်း... မှတ်သားစရာပါတကား"

"မြှောက်တာလား အစ်မ"

"မမြှောက်ပါ"

"လာတော့မယ်"

"ဆိုပါ"

"အဲသည်လို အမိုက်မှောင်ကျမှုကြောင့် လိုချင်မှု၊ အလိုရှိမှုကို ဖြစ်လာတယ်။ အဲသည်လိုဖြစ်လာလို့ ဓိမ်မှုသာယာမှု၊ မသာယာမှုဆို တဲ့ တုန်လှုပ်မှုဖြစ်လာပါတယ်၊ ငါအာဂပါ၊ ငါပါတကားဟု တုန်လှုပ်မှု ကိုစွဲပြီး ထောင်လွှားမှု ဖြစ်လာပါတယ်"

"အင်း..."

"သည်အမှောင်ကျမှုကြောင့် ဖြစ်လာတဲ့ အလိုရမ္မက်၊ တုန်လှုပ်မှု၊ ထောင်လွှားတက်ကြွမှုတို့ဟာ အပြုကြောင့်ဖြစ်၊ သည်အဖြစ်ဟာ ဖောက် ပြန်ပြီ၊ အိုဟောင်း၊ အိုဟောင်းပြီး နာ၊ နာပြီး ပျက်စီး၊ သေ ဆိုတာတွေကို မမြင်ဘူးအစ်မ"

"အင်း... အလိုရှိမှု၊ တုန်လှုပ်မှု၊ ငါဟု စွဲလမ်းမှုဟာ ကြောက်စရာ ကြီးပါတကား"

ထိုသို့ပြောဆိုနေစဉ် ခင်မကြီးက လွှတ်လိုက်၍ အမယ်ကြီး တစ်ယောက်နှင့် မိန်းမပျိုကလေးတစ်ယောက်သည် ဘတုတ်ထံရောက် လာလေ၏။

"ထိုင် အဒေါ်၊ စားပွဲပေါ်တင်ထားတာက ဘာလဲ"

"ကိုကိုလေး၊ အဒေါ်တို့ကို မဆိုနှင့်...၊ မြည်တွန်ခြင်း မပြုပါနှင့်၊ ပြောပါရစေ"

"ပြောပါ"

"မောင့်ထံ ငွေလာပို့တော့ မောင်က ပို့ရမလား၊ မပို့နှင့်လို့ ဆိုတာ

mgyoe.com

mgyoe.com


ကြောင့် မပို့ဘဲ နှစ်လလောက် ရှိသွားပါတယ်"

"ဒါ ဘာဖြစ်သလဲ"

"ကိုကိုလေးရယ်… တစ်နေ့က အိပ်မက်တော့ မဟုတ်ဘူး ထင်တာပဲ၊ ကိုယ်ယောင်ပြပြီး အရုပ်ကားထဲက နတ်မင်းကြီးလို လူကြီးတစ်ယောက်က အိပ်မက်သလို ပြောပြပါတယ်"

"ဘာပြောသလဲ…"

"နင်တို့သားအမိတစ်စု ဆင်းရဲတာကို ဦးဘတုတ်ကပဲ မုန့်ပျားသလက်လုပ်ရောင်းဖို့ အကြံပေးတဲ့အပြင် လုံလုံလောက်လောက် အရင်းအနှီးထောင်ပေးတယ်၊ မုန့်ဖိုကလေးကို ဆောက်ပေးတယ်။ ခုနင်တို့ သူ့ကျေးဇူးကို မသိဘဲ ကန်းစပြုလာပြီး နင်တို့ငွေဝင်ကောင်းလို့ ချမ်းသာလာတာနှင့် သားတစ်ယောက်ကိုတောင် ယူနီဗာစီတီမှာ ထားနိုင်တယ် မဟုတ်လားတဲ့"

"အင်း"

"နင်တို့ ကျေးဇူးမသိရင် နင့်မုန့်ဖိုကို မီးတိုက်ပစ်မယ်၊ မွဲအောင်လုပ်မယ်ဆိုလို့ လာပြီး ပူဇော်ရပါတယ် အစ်ကိုလေးရယ်"

"ဟာ အဒေါ်စကားဟာ ယုံစရာမရှိ၊ မဟုတ်နိုင်တာကို ကြံဖန်လီဆယ်ကာ ပြောတာပါ"

"အဒေါ်တို့က အမွဲမခံနိုင်၊ စီးပွားပျက်မခံနိုင်လို့ လာပြီး ကျေးဇူးပြုရတာပဲ"

"ကျွန်မက ဝင်မေးပါရစေ အဒေါ်"

"မေးပါ"

"အဒေါ်တို့ မုန့်ပျားသလက်လုပ်လို့ တစ်နေ့မှာ ဘယ်လောက်စီပါသလဲ…"

"အမယ်လေး၊ ကျွန်မနံနက် ငါးနာရီခွဲကစပြီး မုန့်ပျားသလက်အိုးကင်းနှစ်ဆယ်ကို လူငှားနှစ်ယောက်နှင့် လုပ်တာတောင် လက်မ

mgyoe.com

mgyoe.com


လည်နိုင်ပါ၊ နံနက်ကိုးနာရီခွဲလောက်အထိ လုပ်ရပါတယ်"

"ဟုတ်ကဲ့..."

"တစ်ဖန် နေ့လယ်နှစ်နာရီကစပြီး လုပ်ရတာဟာ လေးနာရီခွဲမှ သိမ်းရပါတယ်၊ တစ်နေ့မှာ ငွေသုံးဆယ်လောက်စီပါတယ်၊ သည်တော့ ကိုယ့်အတွက် ၂၀ လောက် တစ်ခါတလေတော့ ကျန်တာပါပဲ..."

"ခုဘယ်လောက် ကျေးဇူးဆပ်ပါသလဲ..."

"အမယ်လေး ကျေးဇူးဆိုတာ ဆပ်လို့မကုန်ပါ၊ ခုကျွန်မတို့ရဲ့ စည်းစိမ်ဟာ ကိုကိုလေးက ပေးတဲ့စည်းစိမ်ပါ၊ ဘယ်၍ဘယ်မျှ ကျေးဇူး ပြုပြီး ပူဇော်ပါတယ်ဆိုရင် များတယ်၊ ဘယ်လောက်ပြန်ယူသွား လုပ်နေ ပါဦးမယ်၊ ခုကျွန်မတို့ ပြန်ရုံပါပဲ..."

"နေ့လယ်များ လာပါတော့..."

"ကိုကိုလေး အားကိုမအားပါ"

"မောင်ရယ်... စံထိုက်တယ် ထင်ပါတယ်"

ထိုသားအမိနှစ်ယောက်သည် ချက်ချင်းစကားမရှည်ဘဲ ပြန်ကြ လေ၏။ ဘတုတ်နှင့် လှလှကား ဤသို့စကားပြောကာ ကျန်ခဲ့လေ၏။

"မောင်..."

"ဘာဆိုမလဲ အစ်မ"

"သူ့ကျေးဇူးကိုသိတဲ့လူဟာ ကောင်းစားတာများတာပဲဆိုပါတော့၊ အစ်မ သည်ကနေ့ည ညည့်နက်သွားပြီ၊ မနက်ဖြန်မှ ဆက်ကြရအောင်..."

၎င်းတို့သည် မိမိတို့အခန်းများသို့ အိပ်ရန်ဝင်ကြလေ၏။ လှလှ သည် ၎င်း၏ အိပ်ခန်းတံခါးကို ဘတုတ်အား စော်ကားရာကျမည် ကြောင့်မပိတ်ချေ၊ သို့ရာတွင် လောကအကြောင်းတွင် လှလှသည် ပိတ်ဖြစ်နေသဖြင့် ဘတုတ်သည် သူ့ထံလာခဲ့သော် ပရိယာယ်ကို ငါမပြုထိုက်ဟု အတွေးနက်နှင့် တွေးကာအိပ်လေ၏။

mgyoe.com

mgyoe.com


လှလှသည် တစ်ရေးနိုးသော် တိုင်ကပ်နာရီမှ တစ်ဆယ့်နှစ်နာရီ ထိုးသံကိုကြားရပြီးနောက် ဘတုတ်၏ ဣတိပိသောဘဂဝါ အစရှိသော ဘုရားဂုဏ်တော်ကို ရွတ်ဖတ်သံ၊ သွာက္ခာတောအစရှိသော တရား ဂုဏ်တော်နှင့် သံဃာဂုဏ်တော်ရွတ်ဖတ်သံကို ကြားရလေ၏။ အင်း ဟု သာဓုခေါ်သော သဘောနှင့် နှစ်သိမ့်နေ၏။ ထို့နောက် ထိုအသံတိတ် သွား၍ လှလှသည် အိပ်ပြန်၏။

ထို့နောက် လှလှသည် နိုးပြန်သော် ဘတုတ်၏ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ဖတ်သံကြားရပြန်ပြီး နောက် တိတ်သွားပြန်၍ အိပ်ပြန်၏။

နံနက်လင်း၍ ကော်ဖီ၊ မုန့်၊ လက်ဖက်ရည်ဖန်ကို အကြော်များ နှင့်စားသောက်ကြရင်း လှလှသည် ဤသို့စကားစလေ၏။

"မောင်– ညကြီး လူခြေတိတ်တော့မှ ဂုဏ်တော်များကို သရဇ္ဈာယ် ရတယ်လို့..."

"အစ်မ... အိမ်များမှာ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်၊ မြို့စောင့် နတ် စသည်တို့နှင့် ရုက္ခစိုး၊ ဘုမ္မစိုး၊ ဝေနိပါတိက ပြိတ္တာများ၊ ပြိတ္တာ များ၊ အောက်တန်းစား နတ်များရှိတာကို ယုံပါသလား"

"ယုံပါတယ်..."

"နေ့အချိန်မှာ အများအားဖြင့် တစ္ဆေခြောက်တယ်၊ သရဲခြောက် တယ်၊ သရဲနှင့်လုံးရတယ်၊ သဘက်နှင့် လုံးရတယ်လို့ ကြားဖူးပါသလား၊ ပုံဝတ္ထုများကိုရော ကြားဖူးပါသလား၊ ဒဏ္ဍာရီများကိုရော ကြားဖူးပါ သလား"

"မကြားဖူးပါ"

"ဒါဘာကြောင့်..."

"မသိဘူးမောင်..."

mgyoe.com

mgyoe.com


"သံသရာမှာ မြူသက်ဘဝ၊ ဓာတ်သက်ဘဝရယ်လို့ ရှိပါတယ်"

"အော်..."

"အဲသည် နတ်တွေ၊ ပြိတ္တာတွေ၊ ငရဲတို့ဟာ ဓာတ်သက်ဘဝတွေ"

"အော်..."

"အများအားဖြင့် ဆိုပါတော့၊ နတ်တွေဟာ မြတ်စွာဘုရားထံချဉ်းကပ်လာကြတော့ နေ့အချိန်လား၊ ညအချိန်လား..."

"ညမှာ များပါတယ်"

"ဒါဘာကြောင့်"

"မသိပါ...."

"တစ်ခါတစ်ရံ မြတ်စွာဘုရားအလိုတော်ရှိက နတ်များဟာ နေ့အချိန်မှာပင် မြတ်စွာဘုရား၏တန်ခိုးတော်ကြောင့် မြတ်စွာဘုရားထံတော်တွင် ချဉ်းကပ်နိုင်ဟန်ရှိပါတယ်..."

"ဆိုပါ..."

"အဲသည် ဓာတ်သက်ဘဝဆိုတဲ့ စတုမဟာရာဇ်နတ်များတွင် အောက်တန်းစားတန်ခိုးနဲ့နတ်များအချို့နှင့် ဝိနိပါတိကပြိတ္တာများဟာ နေအလင်းဓာတ်၏ အလောင်ကို မခံနိုင်လို့ မှောင်ကျရာ၊ တိတ်ဆိတ်ရာ ချောင်များတွင် ခိုနေကြရခြင်းများဟန်တူပါတယ်..."

"စဉ်းစားစရာပါပဲ"

"ခု ကျွန်တော်တို့ ဗုဒ္ဓဘာသာများမှာ အိမ်မှာ လူသေသော်သေသူဟာ အယူလွဲပြီး ပြိတ္တာဖြစ်က သာဓုခေါ်၍ ကျွတ်နိုင်ရန်ရက်လည်ဆွမ်းသွတ်ခြင်းကို ပြုတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲသည် သေသူဟာ တန်ခိုးနဲ့တဲ့ အောက်နတ်၊ ဝိနိပါတိက ပြိတ္တာ၊ ပြိတ္တာများ ဖြစ်ခဲ့သော် နေ့အချိန်မှာ သာဓုခေါ်ရရန် အနီးအပါး

mgyoe.com

mgyoe.com


တွင် ရှိပါ့မလား"

"စဉ်းစားစရာပဲ"

"အဲသည် ဝိနိပါတိက ပြိတ္တာများ၊ ပြိတ္တာများ၊ တန်ခိုးနဲ့တဲ့ အောက်နတ်များဟာ လူတစ်ယောက်၏ အလိုကို မသိနိုင်၊ လူတစ်ယောက်၏ သဘောကို အထက်နတ်များလို မသိနိုင်၊ ထို့အပြင် သူတို့ဟာ နေ့အရုဏ် အလင်းမရှိတဲ့ညများမှာ လူတို့နေရာများတွင် လှည့်လည်နေတတ်ပါတယ် (ဝါ) ညများမှာ သူတို့အလိုက်စရိုက်နှင့်အညီ သွားလာနေတတ်ခြင်း၊ ပျော်မြူးခြင်းရှိတယ်လို့ ကျွန်တော်ယူဆပါတယ်၊ မှားရင်လည်း ပယ်ပေါ့ခင်ဗျာ"

"ကျွန်မတော့ သဘောကျတာပါပဲ"

"အစ်မ စဉ်းစားနော်၊ ညအချိန် တိတ်ဆိတ်တဲ့ အခါ၊ ဆိတ်ဆိတ်ညံနေတဲ့ တောနက်ကြီးထဲ၊ ပင်လယ် ကမ်းနားများမှာ ဘုရားဂုဏ် တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကို ရွတ်ဆိုလို့ ရက္ခစိုးနတ် များ၊ ဘုမ္မစိုးနတ်များ၊ ဝိနိပါတိက ပြိတ္တာများ၊ ပြိတ္တာများတို့ဟာ ကြားသိရတဲ့အခါ ဒါဟာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ပါလား၊ သံဃာတော်ရဲ့ ဂုဏ်တော်ပါလားဟု ကြည်ညိုမိရင် နတ်သြဇာများကို ရရှိ၍ နတ်သြဇာ ရရှိပြီးသား ဖြစ်လျှင် တိုးတက်ကာ နတ်သြဇာကောင်းရရှိ၍ နတ်ဝတ် တန်ဆာ၊ ဘုံဗိမာန်၊ တန်ခိုးတို့ဟာလည်း ထို့အတူဖြစ်၍ များစွာ အကျိုး များတယ်လို့ ကျွန်တော်ယူဆပါတယ်"

"တွေးဆကာ စဉ်းစားစရာပါပဲ"

"ကျွန်တော် တိတ်ဆိတ်သော ညအချိန်မှာ ထိုသို့ရွတ်ဆိုခြင်းမှာ ကျွန်တော့်အကျိုးငှာမဟုတ်၊ ကျွန်တော် ရွတ်ဆိုခြင်းကိုကြားလျှင် ပြိတ္တာ များ၊ ဝိနိပါတိက ပြိတ္တာများ၊ ရက္ခစိုးများ၊ ဘုမ္မစိုးများဟာ ဘုရား ဂုဏ်တော်၊ သံဃာဂုဏ်တော်ဟု အာရုံပြုခြင်းဖြင့် အကျိုးများပါစေတော့

mgyoe.com

mgyoe.com


လို့ ရည်ရွယ်ပြီး ရွတ်ပါတယ်ခင်ဗျာ"

"အင်း... သဘောကျပြီမောင်"

ထိုသို့ ပြောဆိုပြီးနောက် ဘတုတ်သည် ခြံထဲသို့ ဆင်းသွားလေရာ လှလှလည်း ဘတုတ်၏ အိမ်နှင့် ဘတုတ်အကွင်းအကဲအလေးကိုခတ်ကာနေလေ၏။ လှလှ၏သဘော၌ ဘတုတ်ကို မြင့်မြင့်နှင့်အကြောင်းသင့်စေလို၏။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဘတုတ်နှင့်မြင့်မြင့်အကြောင်းသင့်မှသာ သူ့ကြောင့် မြင့်မြင့်ရှုံးရသည့် ဝိပါက်သည်လွတ်မည်ဟု ယူဆမိခြင်းကြောင့် ဖြစ်၏။ သို့လင့်ကစား လှလှသည်မြင့်မြင့်နှင့် အသိမဟုတ်ချေ။ မြင့်မြင့်၏ မိဘများနှင့်လည်း မသိချေ။

*

ထိုနေ့ နေ့လယ်အချိန်တွင် ဘတုတ်သည် လှလှနှင့် စကားပြောနေသည်တွင် အေးမိသည် မောင်စိုနှင့် မြမြလင်မယားနှစ်ယောက်ကိုခေါ်၍ ဘတုတ်ထံရောက်လာပြီးနောက် ကိုင်းအစ်ကိုကြီးထံ ပြောချင်ရာပြောကြဆိုကာ ပြန်သွားလေ၏။

"ဘာလဲ မင်းတို့နှစ်ယောက်"

"ကျွန်တော်တို့ လစဉ်အစ်ကိုကြီးထံ ကန်တော့ချင်တာကို အစ်ကိုကြီးက မလာနှင့်ဆိုလို့ မလာဘဲနေသော်လည်း ယခုမလာဘဲ မနေနိုင်၍ အေးအေးကို လိုက်ပို့စေရပါတယ်"

"အံမယ်... မင်းတို့ ဘာကြောင့် မလာဘဲမနေနိုင်သလဲ"

"ကျွန်တော် တစ်ရေးနိုးသောအခါ အရောင်အဝါတောက်ပစွာနှင့်သော သူတစ်ယောက်က မင်းဦးဘတုတ်ထံကန်တော့နေကျအတိုင်းသွားပြီးကန်တော့၊ မင်း ဘာမှ ကျေးဇူးမသိတတ်၊ မင်းတို့ မကန်တော့ရင်မင်းအလုပ်ကို ပျက်စီးအောင် ဖျက်မယ်လို့ဆိုပါတယ်၊ သည်လို သုံးရက်

mgyoe.com

mgyoe.com


ဆက်ပြီး တွေ့ရပါတယ်"

"ကျွန်မလည်း သည်လိုပဲ တွေ့ရပါတယ်"

"အံမယ်၊ သည်လေမျိုးနှင့် ရုပ်မလား မောင်စိုးနှင့်မြမြရယ်၊ ငါဟာ အလှူခံစားတဲ့၊ သူများပူဇော်တာကို လက်ခံနေတဲ့သူအစားထဲ က မဟုတ်ပါဘူး"

"ရှင်တို့ရဲ့အပေါ်မှာ မောင်က ဘယ်လိုကျေးဇူးများရှိလို့လဲ"

"အလကားမပြောပါနှင့်ကွယ်"

"ပြောသာ ပြောကြစမ်းပါ"

"ကျွန်တော်တို့ အိုင်အေမှာ သင်နေစဉ်အတန်းတူပါ"

"အင်း"

"မြို့ကလည်း တစ်မြို့တည်းကပါ"

"အော်..."

"ဒါနှင့်ကျောင်းပိတ်တော့ ကျွန်တော်တို့အိမ်ကို မပြန်ကြသေးဘဲ မေမြို့ကို အလည်သွားကြပါတယ်"

"အင်း..."

"ဒါကို သတင်းထောက်က စာမေးပွဲပြီးလျှင်ပြီးချင်း မောင်စိုးသည် မြမြကိုခိုးယူပြီး မေမြို့သို့ ဟန်းနီးမွန်းသွားကြတယ်လို့ သတင်းစာထဲမှာ ရေးပါတယ်"

"အော်..."

"သည်သတင်းကို မြမြတွေ့တော့ စိတ်မကောင်းမရှိသေးမဲ့ ကျွန်တော် က မိန်းကလေးရဲ့ဂုဏ်ကို ထိခိုက်နေလို့ ဘယ်မှာကောင်းတော့မလဲ၊ ဒါနှင့် မြမြရဲ့ဂုဏ်ကို ငဲ့သောအားဖြင့် တရားရုံးသွားပြီး လက်ထပ် လိုက်ပါတယ်"

"အင်း..."

mgyoe.com

mgyoe.com



"သည်လိုလက်ထပ်တော့လည်း သတင်းစာထဲမှာပါလို့၊ မြမြရဲ့ မိဘနှင့် ကျွန်တော့်မိဘတို့က သဘောမကျဘဲ သားခန်းသမီးခန်း အပြတ် သတင်းစာထဲမှာ ထည့်ကြော်ငြာပါတယ်။ သည်တော့ ကျွန် တော်တို့ ဝေ့လည်လည်နှင့် မှီခိုတွယ်တာစရာမရှိတဲ့အခါမှာ ကိုကိုလေးနှင့် သွား တွေ့ပါတယ်"

"အော်..."

"သည်တော့ ကိုကိုလေးက မင်းတို့ ဘာကြောင့် တရားရုံးမှာ လက်ထပ်သလဲ မေးရာ ကျွန်တော်ကပဲ မြမြရဲ့ဂုဏ်သိက္ခာကို မြှင့်တင် ချင်လို့ပါလို့ ပြောပါတယ်"

"အင်း..."

"ဒါဖြင့် မင်းက ကာမမေထုန်မှုကို အကြောင်းရင်းထားပြီး လက်ထပ်တာမဟုတ်ဘူးပေါ့ဆိုတော့ ကျွန်တော်က မေထုန်သဘော ကိုဦးစားပေးပြီး လက်ထပ်တာမဟုတ်ပါဟု ပြောပါတယ်။ သည်တော့ ကိုကိုလေးက မြမြကရောဆိုတော့... ကျွန်မလည်း ကိုစိုဟာ မိသား ဖသားပီပီ ရိုးမှတ်တဲ့သဘောကို ပြတဲ့အနေနဲ့ သဘောတူပါတယ်လို့ ပြောပါတယ်"

"ရှင်တို့နှစ်ယောက်ကလည်း ဆန်းတန်းတန်းပါပဲကလား"

"ဒါဖြင့် ကိုကိုလေးက မင်းတို့လက်ထပ်တာ ဘယ်နှရက်ရှိပြီလဲ မေးတော့ ခုနစ်ရက်ရှိပါပြီလို့ ကျွန်တော်ကဆိုတော့ တကယ့် ကိုကိုလေး အစ်မရေ... ဘွင်းဘွင်းကြီးပဲ၊ မင်းတို့ ဘယ်နှကြိမ်မေထုန်ကစားသလဲ မေးပြန်ပါတယ်၊ ကျွန်တော်တို့ကလည်း ယနေ့အထိ လူပျိုအပျို စစ်စစ် ပါလို့ ပြောပါတယ်"

"အင်း... ကြံ့ရလေ၊ ကြံ့ဖူးပေါင်၊ ကြံ့ရပလေကွယ်၊ ခေတ်သစ်..."

"သည်တော့ ကိုကိုလေးက မင်းတို့သည်ဝါဒကို ဘယ်ကရသလဲ

mgyoe.com

mgyoe.com


မေးတော့ ကျွန်တော်တို့ ကျွန်မတို့မှာ သြဝါဒပေးတဲ့ ဆရာကြီးတစ်ယောက် ရှိပါတယ်၊ ကျောင်းအားတိုင်း ဆရာကြီးထံ သွားပါတယ်၊ ဆရာကြီးက မေထုန်ကိုအကြောင်းရင်းခံပြီး အိမ်ထောင်ပြုရင် တိရစ္ဆာန်ဝါဒသဘော သက်ဆင်းလာလို့ တိရစ္ဆာန့်တပည့်ဖြစ်မယ်၊ တိုင်းပြည်မှာ သားကောင်း သမီးကောင်း ထွန်းကားအောင် အိမ်ထောင်ပြုမှ လူ့ဓာတ်သဘောစစ်တဲ့ အိမ်ထောင်မှုလို့ ပြောပြီး အာရုံသဘောကို ရှင်းပြပါတယ်လို့ ပြောရင်ပဲ၊ အေး... ဟုတ်ပြီကွယ် ငါလည်း သည်ဆရာကြီးရဲ့ ဝါဒကိုနှစ်သက်တာပဲ လို့ ဆိုပါတယ်"

"အင်း..."

"ကိုကိုလေးက မင်းတို့အဆေခံအဖြစ်နှင့် လက်ဖြန့်ခံပြီး လူလုပ်ချင် သလား၊ လူရည်ထက်သဘောနှင့် တိုင်းပြည်လူမျိုးအကျိုးကို တစ်ထောင့် တစ်နားက ဆောင်နိုင်တဲ့ လူရည်ထက်သခင်ဖြစ်ချင်သလားမေးတော့ သခင်ဖြစ်နိုင်ပါတယ်ဆိုလို့ ကျွန်တော်တို့ကိုခေါ် လာပြီး ပထမ သဘော် ဆိပ်မှာ ရေမုန့်အလုပ်ကို သင်ပေးကာ ရေမုန့် လုပ်ရောင်းစေပါတယ်။ နေစရာတဲ၊ အလုပ်လုပ်စရာနေရာ စသည်ဖြင့် စရိတ်စကအတွက် ငွေ အရင်းအနှီးကို ထုတ်ပေးပါတယ်..."

"အော်... သည်လိုကိုး..."

"ခုနစ်ရက်ရှိတော့ ရေမုန့်ဖိုမှာ ဒယ်အိုးပြားနှစ်ချပ်တည်ရပြီး တစ်လကြာတော့ ရေမုန့်လုပ်ဖို့ ဒယ်အိုးပြားငါးချပ်၊ လူငှားငါးယောက်နှင့် ဖြစ်လာတာပါပဲ၊ ရောင်းလို့ မလောက်၊ နောက်တစ်စတစ်စနှင့် အကြော်ဖို ကို တွဲဖက်ကာ တည်လို့သုံးလလောက်ရှိတဲ့အခါ သိပ်ကို ငွေဝင်ကောင်း ပြီး အမြတ်ငွေ သုံးဆယ်လောက် တစ်နေ့တစ်နေ့မှာ ဖြစ်နေပါတယ်"

"အင်း..."

"တိုတိုပဲ အစ်မလေးရယ်၊ ကျွန်တော်တို့လည်း ကျေးရူးသိတဲ့

mgyoe.com

mgyoe.com



သဘောနဲ့ ကိုကိုလေးထံ လစဉ်ငွေနှင့် လာကန်တော့ပါတယ်"

"အင်း..."

"နောက်တော့ ကိုကိုလေးထံ အလုပ်သမားများနှင့်ပတ်သက်၍ မေးတော့ ကိုကိုလေးက အလုပ်သမားများဟာ မင်းတို့လိုစာတတ် ပညာဉာဏ်ကို အသုံးမပြုတတ်ဘူး၊ သည်တော့ စားဝတ်နေထိုင်ရန် သက်သာချောင်ချိ၍ လူနေအဆင့်အတန်းမြင့်လာရင်တော်လောက်ပြီ၊ ငွေကိုစုဆောင်းရတယ်၊ ငွေရှိမှ လောကမှာ အရာရောက်တယ်၊ မိဘ များထံ ငွေမှန်မှန်ပို့၊ မိဘများရဲ့ကျေးဇူးဟာ အင်မတန်ကြီးတယ်၊ မင်းတို့ မိဘရှိလို့ လူဖြစ်ရတယ်၊ မိဘမရှိရင် ပြိတ္တာဘဝနှင့် စခန်းသွား၊ သို့မဟုတ် တိရစ္ဆာန် ကြက်၊ ငှက်ဖြစ်ပြီး သံသရာမှာ လှည့်နေရမယ်၊ ကိုယ့်ကို လူဖြစ်စေလို့ဆိုတဲ့ ကျေးဇူးကို တစ်နေ့မျှမမေ့နှင့်တဲ့..."

"အင်း..."

"ဒါနှင့် ကျွန်တော်တို့ စစ်ဘက်က လေလံပစ်တဲ့ မော်တော်ပျက် တစ်စင်းကိုဆွဲပြီး ပြင်ဆင်ကာ ချင်းတွင်းမြစ်ထဲမှာ သွားစေပါတယ်။ မော်တော်ကားပျက်များကို လေလံပစ်တော့လည်း ဆွဲပြီး ပြင်ဆင်ကာ သယ်ယူပို့ဆောင်ရေးလုပ်စေလို့ ကားသုံးစင်းရှိနေပါတယ်"

"ရေမုန့်မလုပ်တော့ဘူးလား"

"ဟာ... မမလေးကလည်း လုပ်တာပေါ့၊ အကြီးအကျယ်လုပ် ပါတယ်..."

"အင်း..."

"သည်လိုနှင့် ကျွန်တော်တို့ဝင်ငွေ အင်မတန်ကောင်းလာတော့ ကိုကိုလေးထံ လစဉ်ကန်တော့တာကို လက်မခံရုံမျှမက သည်သဘော နှင့်ပတ်သက်ပြီး ငါ့အိမ်မလာနှင့်လို့ ပိတ်တာနှင့် ကျေးဇူးရှင်အား ကျေးဇူးပြုတာ ရပ်သွားရပါတယ်"

mgyoe.com

mgyoe.com


"အင်း... မောင်ကလည်း တကယ့်လူရည်ထက်ပါကလား..."

"တစ်နေ့ကညမှာ ကျွန်တော်နှင့်မြမြ ဘုရားကို အာရုံပြုပြီး ပုတီးစိပ်နေတော့ ဝတ်ဖြူစင်ကြယ်နှင့် လူကြီးတစ်ယောက်ဟာ ဝင်လာတဲ့ပြီး နင်တို့လစဥ်နင်တို့ရဲ့ ကျေးဇူးရှင်ထံသွားပြီး ကျေးဇူးဆပ်၊ မဆပ်ရင် နင်တို့ရဲ့လုပ်ငန်းအရပ်ရပ်ကို ပျက်အောင်ဖျက်မှာပဲလို့ ပြောသွားတာနှင့် လာရောက်ကျေးဇူးဆပ်ရပါတယ်"

"ဒါဟာ တကယ်လား"

"တကယ်ပါ... ကိုကိုလေးရယ်..."

"အင်း... အတော် ခွကျတာပဲ"

"ဒါထက် ရှင်တို့မှာ သားသမီး"

"မမြမြ ပြောပြပါ"

"ကျွန်မတို့အိမ်ထောင်ပြုလို့ တစ်နှစ်လောက်ရှိတော့ စီးပွားရေးဖြောင့်၊ ငွေဝင်ကလည်းကောင်းတော့ ကျွန်မလည်း သားသမီးလိုချင်လာတာပေါ့၊ သည်တော့ ကိုစိုအား ကျွန်မကလေးလိုချင်ပြီဆိုရာ ကိုစိုက တို့အာစရိကြီးဝါဒအတိုင်း အာရုံပြုပြီး တိုင်းသူပြည်သားကောင်းဖြစ်စေရန် လောကရဲ့အကျိုးကို ဆောင်တာပေါ့တဲ့...."

"အင်း... တကယ့် မောင်မယ်"

"အစ်မ ခေတ်ပညာတတ် တက္ကသိုလ်မောင်မယ် အစစ်ပေပဲကိုး၊ ဒါမှ တက္ကသိုလ်ဆိုတဲ့ ဂုဏ်ကိုဆောင်တာ..."

"ဒါပေမဲ့ ကိုကိုလေးနှင့် အစ်မလေးရယ်၊ ခုသုံးနှစ်ကျော်လာပြီကလေးကို မရနိုင်ဘူး..."

"ဒါသိလား..."

"မသိဘူး ကိုကိုလေး၊ ဘယ်သူက မြဲတယ်လို့ ဆိုမှာလဲ"

"မဟုတ်ဘူး နားထောင်...၊ မိဘလောင်းနှစ်ယောက်က တိုင်းပြည့်

mgyoe.com

mgyoe.com



လူမျိုးအတွက် အလင်းရောင်နှင့် အိမ်ထောင်ပြုတော့ သားကောင်း သမီးကောင်းရရန် စုံညီအာရုံပြုပြီး သားကောင်းသမီးကောင်းအလို့ငှာ စက်ဆုပ်ဖွယ်သော မေထုန်မှုကို ကစားတော့ မြင့်မြတ်သော သတ္တဝါ များသာ ဝင်ရောက်လာပြီး သန္ဓေတည်မှာပေါ့..."

"ဟင်း... တိုင်းပြည်လူမျိုးအတွက် အိမ်ထောင်ပြုတယ်ဆိုတာကို မောင့်ထံရောက်မှပဲ သိရပါတယ်၊ ပြီးတော့ ဒါဟာ အလင်းရောင်နှင့် အိမ်ထောင်ပြုတာတဲ့"

"နားထောင်... အဲသည်တော့ မင်းတို့ထံမှာ ပြိတ္တာတွေ၊ အသူရ ကာယ်တွေ၊ သူယုတ်မာတွေ လာရောက်ဝင်ခိုပြီး ပဋိသန္ဓေ ကျချင်ပေမဲ့ မင်းတို့ရဲ့ သဘောစေတ်နှင့် အာရုံကလက်မခံဘဲ ကန်ထုတ်တယ်၊ ဒါကြောင့် ကလေးမရသေးတာ၊ "လာပါမယ်၊ အမြော်ကွယ်၊ စိတ်ဇောနှင့် မဓောပါသင့်။ မြင့်မြတ်သူတွေ၊ မြတ်သူထံနေကာလာလို့၊ အရိယာဆိုတဲ့ ခေတ်ကို၊ ဖြစ်ဖို့ကြိုလင့်" တဲ့... မှတ်ထားကြ"

"စိပ်တယ်နော်"

"အစ်မ... သည်လိုကလား"

"ဆို..."

"ပေါက်ပန်းဈေး မေထုန်ကို အကြောင်းရင်းခံကာ အိမ်ထောင်ပြု ကြတော့ ပေါက်ပန်းဈေး သတ္တဝါတွေလာရောက်ပြီး ဝင်စားကြရာ အများအားဖြင့် သက်တမ်းမရှိတဲ့ ပြိတ္တာတွေ၊ အသူရကာယ်တွေ၊ ဝိနိပါ တိက ပြိတ္တာတွေ ဝင်ရောက်ကာ ပဋိသန္ဓေစွဲ၊ လူဖြစ်၊ ဟော... လူ့ဘဝမှာ ကိုယ်ကောင်းစံအဖြစ်နှင့်တိုင်းပြည်အမှုထမ်းဖြစ်တော့ အဂတိလိုက်စား၊ လာဘ်စား၊ တံစိုးစား၊ မှောင်ခို၊ ပြီးတော့ ခေါင်းပုံ၊ ခေါင်ပုံဖြတ်၊ သွေးစုပ်၊ ကုန်လှောင်အမြတ်ထုတ်၊ အမြတ်ကြီးစား၊ မှောင်ခိုသမား စသည်ဖြင့် ဖြစ်ကုန်ကြတာပေါ့"

mgyoe.com

mgyoe.com


"သည် ပြိတ္တာတွေရော လူကောင်းမဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်အစ်မ၊ နည်းတယ်၊ အဲသည် ပြိတ္တာတွေ၊ အသူရကာယ်တွေ၊ မကောင်းတဲ့ဘဝကလာသူတွေ လူဖြစ်၊ လူဖြစ်ပြီး တိုင်းပြည်ကို ခြောက်ခန်းအောင်လုပ်၊ ကုန်ဈေးနှုန်းကြီးအောင်လုပ်၊ တိုင်းပြည်ကိုဖျက်ပြီး တိုင်းတစ်ပါးရဲ့ နောက်လိုက်၊ ကျွန်တိုင်းပြည်ဖြစ်အောင် ကျင့်သုံးတဲ့ လူတွေဖြစ်လာတတ်တယ်အစ်မရယ်၊ ဒါကြောင့် တိုင်းပြည်လူမျိုးအတွက် အိမ်ထောင်ပြုဖို့ လိုပါတယ်"

"အင်း၊ ခက်တယ်နော်"

"မခက်ပါဘူး၊ ညအချိန်မှာ ဝိနိပါတိက ပြိတ္တာတွေ၊ ပြိတ္တာတွေဟု လှည့်လည်ကာ စရိုက်အားဖြင့်နေ၊ သည်အခါ ဘုရားရှိခိုးသံကြားရ၊ ဘုရားဂုဏ်တော် သရဇ္ဈာယ်သည်ကို ကြားရတဲ့အခါ ကြည်ညိုပြီး သဒ္ဒါစိတ်ပေါ်လာလို့ ချက်ချင်းနတ်စည်းစိမ်ကို ရကြပါတယ်။ သည်အခါ ဘုရားကို အာရုံပြုခြင်းသည် ကောင်း၏ဟုထပ်၍ ဒါန၊ သီလ၊ ပြုခြင်းတို့ကို ဝမ်းသာပြုမူကြတော့ လူ့ပြည်သို့ပြန်မဆင်းတော့ဘဲ အထက်အထက်နတ်ပြည်သို့ အရောက်များကြတယ် ထင်တာပဲ"

ထိုသို့ ပြောဆိုကြပြီးနောက် မောင်စိုးနှင့်မြမြသည် ပြန်သွားကြလေ၏။

ထိုနေ့ညသော် ဘတုတ်နှင့် လှလှသည် ဆင်ဝင်ခန်း၌ မနေ့ညက အဆက်ကိုဆက်၍ ဤသို့ ပြောနေကြပြန်လေ၏။

"အစ်မရယ်... လူတို့မှာ လိုချင်မှု (ဝါ) အလိုရမ္မက်၊ တုန်လှုပ်မှု (ဝါ) သည်းခံမှုမရှိခြင်း၊ ထောင်လွှားတက်ကြွမှု (ဝါ) ငါ ငါ ငါဟု ငါစွဲယစ်မှု တို့ဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို မမြင်နိုင်ဘဲ ကာကွယ်ထားတယ်။ ဒါကြောင့် ထိုသုံးရပ်သော သဘောဆိုးတို့ကို မကြောက်လို့ပြုမိရင် ရှက်ဖွယ် ရာတွေ့ရမှာမို့ ၎င်းတို့ကို ပြုမိမှာအတွက် ရှက်ရမယ်"

mgyoe.com

mgyoe.com



"အင်း"

"ဒါကြောင့် သည်လိုချင်မှု၊ တုန်လှုပ်မှု၊ ထောင်လွှားတက်ကြွမှုတို့ကို ဖြတ်ပါတော့မယ်ဟု ဖြတ်လိုက်ရင် အလင်းရောင်ကိုရပြီး အေးငြိမ်းမှုကို ရမယ်ထင်တာပါပဲ"

"သဘောကျပြီ"

"ဒါပေမဲ့ ဘဝင်မှာခိုက်ပြီး စွဲသွားမှ စွဲမသွားဘဲ တစ်ခဏလေး အရောင်ရပြီး ဒုံရင်းကို ပြန်ပေမဲ့ အကျိုးမဲ့သလား၊ မမဲ့ပါ။ အလင်းရောင်မျိုးစေ့ကို ရမိပိုက်မိလို့ ဘုရားနှင့်တွေ့တဲ့အခါမှာ အလွယ်တကူနှင့်ကျွတ်နိုင်တဲ့အပြင် ကံကြီးမထိုက်လျှင် အပါယ်သို့ ကျဖို့ ခဲယဉ်းပါတယ်၊ ဘုရားမပွင့်တဲ့ခေတ်မှာ ရှင်ပစ္စေကဗုဒ္ဓါအဖြစ်နှင့် ကျွတ်နိုင်တတ်တယ်ထင်တာပဲ"

"ကျွန်မတို့မိန်းမဆိုတော့"

"ဟာ အစ်မကလည်း... မိန်းမဟာ ယောကျ်ားဖြစ်ဖို့ အလွယ်ကလေး၊ လင်ရှိရင် လင့်ထံမှာ ဆုပန်ရင်တောင် ရနိုင်တတ်ပါသတဲ့၊ လင်မရှိရင်တော့ မိန်းမတို့သဘောကိုပယ်ပေါ့"

"ဆိုစမ်းပါဦးမောင်"

"မိန်းမတို့ဟာ အများအားဖြင့် အင်မတန်လှပချင်တယ်၊ အပြင်အပ လှပချင်တာကိုထားဦး၊ အတွင်းလူမမြင်ရအောင် ဖုံးအုပ်ထားတာကိုတောင် လှချင်တယ်၊ ဒါကြောင့် တချို့မိန်းမအထက်တန်းစားများဟာ သားကိုချို့မတိုက်၊ နို့ဘူးတိုက်တယ်၊ ဒါကြောင့် သားစိပ်ပြီး ပြိတ္တာတွေဟာ လူဖြစ်ဖို့ လွယ်ကူတယ်၊ တချို့က ဆေးရုံတက်မွေး၊ အလှမပျက်ရအောင် ချုပ်ထား"

"သည်အလှအပကို တော်ပါတော့၊ ယောကျ်ားတွေလည်း လှချင်တာပဲ"

mgyoe.com

mgyoe.com


"မစာတ်ကဲရင် လှချင်တာပေါ့။ မိန်းမဆိုတာ ဂုဏ်လိုချင်တယ်၊ ဂုဏ်မက်တယ်၊ အထင်အရှားအကျော်တစော လိုတယ်၊ ရွှေကို အားကြီးမက်တယ်၊ အများအားဖြင့်ပါ၊ အချုပ်ကိုပြောရရင် အလိုရမ္မက်ကဲတယ်၊ သည်းမခံနိုင်ဘဲ တုန်လှုပ်တယ်၊ မာနကြီးတယ်၊ ကတဲ့... ပုဇဉ်းချီးပန်းဖြစ်သွားပြီ"

"ဆိုပါ..."

"သေခြင်း သဘောတရားကို မြင်လို့ သေရမည်မုချဖြစ်သောသူသည် သေရမည်ကို မမြင်နိုင်အောင် ကာကွယ်ထားတဲ့ အလိုရမ္မက်၊ တုန်လှုပ်မှု၊ ထောင်လွှားတက်ကြွမှုတို့ကို ခဏလေးအားဖြင့်ပင် အလင်းရောင် မျိုးစေ့ရအောင် ပယ်သင့်ပါတယ်"

"ဟုတ်ပါတယ်၊ ကျေနပ်ပါပြီမောင်"

"အဲသည်လိုပယ်တော့ ကာမမေထုန်သဘောဟာ အလိုလိုနေရင်းဝပ်သွားပါတယ်၊ ကျွန်တော်ပြောချင်တာကတော့..."

"ဘာကြောင့်ရပ်ထားသလဲပြောပါ"

"အစ်မဟာ ဘာမှ မည်မည်ရရ အလုပ်မရှိပေမဲ့ မဆင်းရဲပါ"

"ဟုတ်ပါတယ်"

"အစ်မရဲ့ မိဘများ ကွယ်လွန်သွားတော့ တိုက်သုံးလုံးနှင့် အိမ်တစ်ဆောင်ကျန်ခဲ့လို့ အစ်မငှားထားပါတယ်၊ ပြီးတော့ ငွေနှင့်ရွှေစိန်စသော ရတနာများလည်း ကျန်ခဲ့ပါတယ်၊ အစ်မ အခုနေတဲ့အိမ်ကတော့ အစ်မကို သမီးအရင်းလို သဘောထားတဲ့ ကျောင်းဆရာကြီးတစ်ယောက်က ပေးထားခဲ့တဲ့ အိမ်ပါ၊ အဲဒီဆရာကြီးလည်း ယောဂီ အလုပ်နှင့်တောမှာ ပျော်မွေ့နေပါတယ်"

"မောင် ဒါတွေကို ဘာကြောင့်သိသလဲ"

"မသိချင်ပါနဲ့ အစ်မရယ်..."

mgyoe.com

mgyoe.com



“ဟာ သိချင်တာပေါ့၊ သည်လို သူတစ်ပါးအကြောင်းကို သိတယ်ဆိုတာဟာ လူသာမန်များ ဘယ်မှာသိမှာလဲ”

“အော်… သည်လိုလား၊ မြင့်မြင့်ကိုသနားပြီး မြင့်မြင့်အကျိုးကို တကယ်လိုလားသူက ဖွင့်ဟပြောဆိုလို့ သိရခြင်းလည်းဖြစ်တန် ကောင်းပါတယ်၊ အစ်မ သို့သော်နော် ဒါတွေဟာ တိရစ္ဆာန်ကထာတွေပါ၊ သည်စကားမျိုးနှင့် အချိန်မဖြုန်းသင့်ပါ”

လှလှသည်တွေ၍ သက်ပြင်းချပြီးသော် စဉ်းစားတွေးတောသကဲ့သို့ ရှိလေ၍ ဘတုတ်သည် ဤသို့ ပြောပြန်၏။

“အစ်မရဲ့ အကျိုးကိုလိုလို့ ကျွန်တော် ပြောပြပါမယ်၊ အစ်မ စိတ်ကောက်မှာလား”

“မောင်… ဘာပဲပြောပြော… ကျွန်မ သဘောကျမှာပါ”

“အစ်မအား ကမ္မဋ္ဌာန်းဆောက်တည်တဲ့ ဆရာ့သြဝါဒအတိုင်း အစ်မ ဆောက်တည်လို့ အစ်မဟာ အတော်ပေါက်နေပါတယ်၊ သို့သော် အစ်မဟာ အစ်မရဲ့အကျိုးကိုလိုလားပြီး ပညတ်ကို ပရမတ်လုပ်နေလို့ အစ်မဟာ လွဲတော့မလို့၊ သိအပ်တဲ့တရားငါးပါးမှာ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်ဆိုတာကို အစ်မ သိသော်လည်း အစ်မ သတိမထားဘူး”

“အင်း…”

“အစ်မရဲ့အာရုံအတိုင်း ဝီရိယမလျှော့ဘဲ အစ်မဆောက်တည်ပါ၊ အစ်မယောဂီမလုပ်ပြီး တစ်ကိုယ်ရေတစ်ကာယနှင့် သခ်မ်းငယ်ပြုကာ အစ်မပျော်မွေ့တော့မယ်ဆိုတာကိုလည်း ကျွန်တော် မထောက်ခံပေမဲ့ မကန့်ကွက်ပါ”

ထိုစကားကို လှလှကြားသောအခါ တစ်ကိုယ်လုံးတုန်ဘိသကဲ့သို့ ဆတ်ဆတ်တုန်မတတ်ဖြစ်နေ၏။ ဘတုတ်လည်း ဆက်၍ ဤသို့ပြော ပြန်၏။

mgyoe.com

mgyoe.com



"အစ်မ ခုလို ကျင့်သုံးဆောက်တည်တာဟာ ဘယ်လိုသဘောနှင့် ဆောက်တည်ရတယ်ဆိုတာကို ကျွန်တော့်ထင်ချက် တင်ပြပါမယ်၊ ဆွေးနွေးတဲ့သဘောပေါ့"

"ဟုတ်ကဲ့"

"အစ်မဟာ ရတနာသုံးပါး၌ ယုံမှားသံသယမရှိဘူးဆိုတာဟာ မှန်ပါတယ်၊ သို့သော် ဒါဟာ အောက်ထစ်ဆုံးပါ"

"အစ်မဆောက်တည်တာကို ကြည်ညိုပြီး ယုံကြည်ကာ ယုံမှား သံသယကင်းပြီး ဝီရိယ၊ သတိ၊ တည်ကြည်ခြင်းနှင့် မြင်အောင် သဘော ပြုပါ၊ သည့်အတွက် အစ်မဆောက်တည်တာ၊ ဘာကိုမှ မလိုရပါ"

"ဝမ်းသာလိုက်တာ မောင်ရယ်..."

"အစ်မဆောက်တည်နေတုန်းမှာ ကာမဂုဏ်အလိုဆန္ဒတို့ ဝင်မလာ ရ၊ 'သဘောမှာ ငါတန်ခိုးကြီးအောင်၊ ငါချမ်းသာအောင်၊ ငါကောင်းစား အောင် စသည်တို့ဖြစ်သည်' တိတ်ဆိတ်နေအောင် ဆောက်တည်နေခြင်း သာ ဖြစ်သင့်ပါတယ်၊ ကာမဂုဏ်မည်သည် လူမှာ အလွန်ရှုံ့ရှာစက် ဆုပ်ဖွယ်သော ညွှန်ပါ"

"ဟုတ်ပြီ၊ ယခုလောကမှာ ဆင်းရဲပင်ပန်းစိတ်မချမ်းမသာဖြစ် ရတာဟာ ကောင်းစားချင်လို့၊ ချမ်းသာချင်လို့၊ ဂုဏ်ကြီးချင်လို့၊ ထင်ပေါ်ကျော်စောချင်လို့၊ သူတကာထက် သာချင်လို့"

"အစ်မဟာ အစ်မရဲ့ ကျင့်စဉ်အတိုင်း ဆောက်တည်ကျင့်သုံးနေတဲ့ အခါ သူတစ်ပါးအပေါ်မှာ မနာလိုဝန်တိုခြင်း၊ ငြူစူခြင်း၊ သူ့စည်းစိမ် ကိုလုခြင်း၊ သူတစ်ပါးပျက်စီးအောင် ကြံခြင်းတို့ကို မပြုမိဘူးပေါ့။ သည်သဘောတွေဟာ လူမှာအလွန့်အလွန် စက်ဆုပ်ဖွယ်သော ကြေးညှော် တို့ဖြစ်၍ ကောင်းသော ကြည်လင်သော သဘောဓာတ်ကို ပိတ်ပင်တဲ့ အကျင့်စုခင်ဗျ"

mgyoe.com

mgyoe.com


"အင်း..."

"အစ်မကျင့်သုံးဆောက်တည်တဲ့အခါ အိပ်ချင်ခြင်း၊ စိတ်မခိုင်၍ ငိုက်မျဉ်းခြင်းတို့မဖြစ်၊ စိတ်ပျံ့လွင့်ခြင်း၊ နောက်တစ်ဖန် ပူပန်ခြင်းတို့ မဖြစ်တဲ့အပြင် ခဏလေး အလင်းဉာဏ်ကို ရနေခြင်း ဖြစ်ပါတယ်။ သည်လိုမြတ်သောသဘောဓာတ်ဝင်ပြီး ကိန်းအောင်းနိုင်ရန် အစ်မရဲ့ လမ်းစဉ်ကို ဆောက်တည်ခြင်း ဖြစ်စေသင့်၊ မဖြစ်စေသင့်စဉ်းစားပါ"

"သဘောကျပါတယ်၊ ဝမ်းသာပါတယ်"

"အစ်မဟာ သည်လိုသဘောနှင့် ကျင့်သုံးဆောက်တည်ပြီး မထင်ရှားသေးသော နတ်သားတစ်ယောက်ကို မြတ်စွာဘုရားက ဟောတော်မူတဲ့ ကောင်းမြတ်သော တရားတော်အရ အလိုရမ္မက်၌ တင်းတိမ်ရောင့်ရဲခြင်း၊ တုန်လှုပ်မှု၌ သည်းခံခြင်း၊ မိမိကိုယ်ကို မိမိက နှိမ်ချခြင်းတို့ပြုခဲ့ပါသော် နောင်ဘဝမှာ ကောင်းမြတ်သောဘဝသို့ရောက်၍ လူ့ပြည်သို့ပြန်လာရတော့မယ် မထင်ပါဘူး"

"မောင်... အစ်မ လင်းပြီ၊ သိပ်ဝမ်းသာတာပါပဲ"

"အဲသည်တော့ အစ်မဟာ အိမ်ထောင်သားတို့နှင့်ဝေးရာ၌ အရိပ်သစ်မ်းကလေးနှင့် ဧကစာရီနေကာ ကျင့်မှပဲလား၊ အစ်မရဲ့ အိမ်မှာနေပြီး အစ်မမှာ ဘာမှပူစရာမရှိဘဲ ကျင့်သုံးဆောက်တည်လို့ရော မဖြစ်ဘူးလား၊ စဉ်းစားပါအစ်မ"

ထိုသို့ ပြောဆိုကြပြီးနောက် အိပ်ရာသို့ ဝင်ရာ လှလှသည် ဤသို့ စိတ်ကစားမိလေ၏။

ငါသည် မြင့်မြင့်ထံသို့ ရေးသောအကြောင်းတို့ကို မောင်သည် သိနေသည်။ ငါ့ပစ္စည်းများကို မြင့်မြင့်သည် မောင်နှင့်လက်ထပ်လျှင် အကုန်ပေး၍ ယောဂီမပြုကာ ကျင့်နေမည်ကိုလည်း သိသည်။ ငါ့မှာ မည်မျှ လောက်ချမ်းသာနေခြင်းကိုလည်း သိနေသည်။ ဘာကြောင့်သိသလဲ။

mgyoe.com

mgyoe.com


မြင့်မြင့်သည် ထိုအကြောင်းတို့ကို သူတို့ထံစာရေး၍ ပို့သလား၊ သူ့စိတ်ထဲမှာ ဘယ်လိုရှိနေမည်လဲ၊ သူ့ကိုငါသည် တီးခေါက်ကြည့်ရန်လိုပေသည်။

ထိုသို့အောက်မေ့၍ နောက်တစ်နေ့ညသော် လုလုသည် ဘတုတ်နှင့် ဆွေးနွေးစရာရှိသည်တို့ကို ဆွေးနွေးသဟန်နှင့် ဤသို့ စကားတောက်လေ၏။

"မောင်နေထိုင်ပုံ၊ ပြောဆိုပုံတို့ကို အကဲခတ်ရတော့ ရဟန်းဝတ်မလို့လား"

"ခု သာသနာတွင်းမှာကြောင့် လောကအကျိုးကိုဆောင်ရရန် လူဝတ်နှင့်ပင် သည်းခံခြင်းကို ပြု၍နေမည်ဟု စိတ်ပိုင်းဖြတ်ထားတော့ မယ်လို့ စိတ်ကစားနေပါတယ်"

"မောင်... အိမ်ထောင်ပြုဦးမှာပေါ့"

"ပြုသင့်တဲ့ အမျိုးသမီးကိုတွေ့ရင် ပြုရမလားဟု ကြံဆမိပါတယ်၊ ဘာကြောင့်လဲဆိုရင်တော့ သတ္တဝါများကို လူ့ဘောင်သို့ပို့ပေးချင်လို့ပါ"

"ဘယ်လိုအမျိုးသမီးနဲ့ အိမ်ထောင်ပြုချင်ပါသလဲ"

"တိုင်းပြည်အတွက် သားသမီးကောင်းမွေးချင်လို့ သားလိုသောအခါမှ မေထုန်မှုကို လိုလားမယ့် အမျိုးသမီးမျိုးနှင့် တွေ့ရင်ပြုမလားဟု စိတ်ကစားမိပါတယ်"

"သည်လို အမျိုးသမီးကို ဘယ်လိုသိနိုင်မှာလဲ"

"မသိနိုင်ရင်လည်း၊ နေသေးသပချုံထဲက၊ ချိုသွေးသမျှတမြမြပေါ့ခင်ဗျာ"

"မောင့်နှယ်၊ ကိုယ့်နားရွက်ကို ကိုယ်ကြည့်ရတာလို"

"လွယ်ပါတယ်အစ်မ၊ မှန်ထဲမှာကြည့်တာပေါ့"

"မောင်နဲ့စကားပြောရတာဟာ အတော်ကတ်သတ်တယ်"

mgyoe.com

mgyoe.com



"ဖြောင့်ဖြူးပါတယ်အစ်မ၊ ကျွန်တော်က ဒဏ္ဍာရီတစ်ခုကိုမျက်နှာရှုံ့စရာပြောပါမယ်"

"ပြောပါ၊ ပြောပါ"

"တမ္ပဒီပ တိုင်းကြီးမှာ၊ ညောင်ရွှေပြည်ရယ်ဟု ပြည်ကျပ်ပြည်သိမ်ကလေးတစ်ခုရှိတယ်တဲ့၊ သည်ပြည်ဟာ ပြည်ကျပ်ပြည်သိမ်ဖြစ်လို့ သည်ပြည်ကမင်းဟာ အနီးအပါးက တိုင်းကြီးပြည်ကြီးများကို ကျိုးနွံရပါသတဲ့"

"အင်း..."

"သည်ညောင်ရွှေပြည်က ရန်မျိုးလုံမင်းကြီးမှာ တောင်ညာမြောက်ထားမိဖုရားမရှိဘဲနှင့် အခြားမိဖုရားသုံးပါးနှင့်ရှိနေကာ တောင်ညာမြောက်ထားမိဖုရားထားရရန် အမျိုးသမီးကောင်းရဖို့ ရုပ်ဖျောက်ပြုကာဇနပုဒ်သို့ ထွက်သွားသတဲ့"

"ရန်မျိုးလုံမင်းကြီးသည် တောသွားခရီးသည်အဟန်နှင့် မြချောင်းအနီး ခံတက်ပင်အောက်မှာနားနေလေရာ ဆီးသီးကောက်ရာမှ တစ်ယောက်တည်း ပြန်လာသော အမျိုးသမီးသည် ချောင်းကမ်းပါး ဆီးပင်ရိပ်၌ ဆီးသီးတောင်းကိုချ၍ သူ၏အဝတ်များကို ချွတ်ပြီးလျှင် ရေချိုးသတဲ့"

"ထိုအခါ ရန်မျိုးလုံက... အချင်းနှမ၊ ငါ့ကို မမြင်သလားဟု မေးတော့ ထိုအမျိုးသမီးက အမြင်သားကပဲဆိုရာ၊ ဘာကြောင့် အဝတ်ကို ချွတ်ပြီး ရေချိုးရသလဲ၊ မရှက်ဘူးလားဟု မေးသတဲ့"

"ထိုအခါ အမျိုးသမီးက အကျွန်ုပ်မှာ မေထုန်စိတ်ဟာ မထကြွလို့ မရှက်ပါဘူးဆို၍ ရန်မျိုးလုံမင်းကြီးက နှမရဲ့စကားဟာ ပြဿနာတစ်ခုဖြစ်နေတယ်၊ ရှင်းပါ... ဆိုသဖြင့် ဤသို့ရှင်းပြသတဲ့"

"ကလေးများမှာ မေထုန်စိတ်မထကြွလို့ မရှက်ဘဲ တုံးလုံးရေချိုးကြတယ်၊ တစ်ယောက်နှင့်တစ်ယောက် နီးနီးစပ်စပ် အိပ်ခြင်း၊ နေခြင်းကိုပြုကြပါတယ်"

mgyoe.com

mgyoe.com


"ထိုအခါ ရန်မျိုးလုံက အချင်းနှမဆိုခြင်းကား မှန်၏။ သို့သော် အချင်းနှမမှာကား မေထုန်စိတ်မထကြွ၊ မကွန့်မြူးဆိုခြင်းမှာဆိုလော့၊ ကျွန်ုပ်ကား မေထုန်စိတ်ထကြွ၍ တလျှမ်းလျှမ်းနှင့် ကွန့်မြူးနေတယ်၊ မင်းကို အတင်းဆွဲ၍ ကာမကိုယူသော်မခက်ပါလားဆိုရာ... ထိုအမျိုးသမီးက ရဲရင်စမ်းစမ်းပါလား၊ လာခဲ့ပေါင်တန်းသွားစေမယ်ဆိုသတဲ့"

ထိုအခါမှ ရန်မျိုးလုံမင်းကြီးက အဘယ်နှမ၊ ငါကား သာမန်ခရီးသွားမဟုတ်၊ ညောင်ရွှေပြည်က ဘုရင်မင်း ဖြစ်သည်။ ငါသည် သားကောင်းကိုလို၍ တောင်နန်းမဒေဝီ၊ မဟေသီမိဖုရားကောင်းရချင်တာနှင့် အရှာလာရာ အချင်းနှမကို တွေ့ရသည်။ သဘောညီညွတ်ပါဟုဆိုသတဲ့၊ ထိုအခါ အမျိုးသမီးက အရှင်မင်းကြီး အဘယ်ကြောင့် သားကောင်းကို လိုပါသလဲ မေးရာ၊ မင်းကြီးသည် ဤသို့ဆိုတော့၏။

အချင်းနှမ၊ ငါတို့ညောင်ရွှေပြည်ကား ပြည်သိမ်ပြည်ငယ်ဖြစ်၍ ပတ်ဝန်းကျင်က တိုင်းကြီးပြည်ကြီးများကို လေးစားခန့်ညားကာ အမြဲရှိရသည်။ ငါတို့မှာ မင်းလောင်းသားကောင်းရှိပါက ဘုန်းတန်ခိုးရှိသားဖြစ်မည်ကြောင့် ငါတို့ပြည်သည် တန်ခိုးကြီးသော ပြည်ဖြစ်ရသတတ်ဟု ယူဆသောကြောင့် ဘုန်းရှိသော သားကောင်းကို ငါလိုပါသည်။

ထိုအခါ အမျိုးသမီးသည် အနည်းငယ်စဉ်းစား၍ ငါလည်း ညောင်ရွှေပြည်သူ၊ ညောင်ရွှေပြည်ကြီးအကျိုးကို ဆောင်ထိုက်ပါသည်ဟု ယူဆပြီးသော် မင်းကြီးထံ ဤသို့ လျှောက်တင်လေတော့သည်။

"ရွှေညဏ်ရှင်ဘုရင်မင်းမြတ်၊ ကျေးတော်မျိုးမလည်း ညောင်ရွှေပြည်သူ၊ ညောင်ရွှေပြည်သူဖြစ်သည့်အတိုင်း ညောင်ရွှေပြည်၏ အကျိုးကိုဆောင်ထိုက်ပါသဖြင့် အရှင်မင်းကြီး၏သဘောကို လိုက်လျောနိုင်ပါသည်။

mgyoe.com